# ဗုဒ္ဓ ဓမ္မ သိပ္ပံကျမ်း

ကျမ်းပြုစုသူ-

ဦးစောထွန်းအောင်[illegible] (B.Sc. (Hons) M.A. [illegible] B.F.S. [illegible])

( အငြိမ်းစားသစ်တော ၃ မ[illegible]ကြီး )


၁၃၅၃-ခုနှစ်

၉၄-၃
ဗထအ

M.A., M.S., B.A.
B.A. (Hons), B.Ed.

# မာတိကာ


| စဉ်။ | အကြောင်းအရာ။ | စာပိုဒ်။ |
| --- | --- | --- |
| ၁၊ | ဘုရားပွင့်တော်မူခန်း | |
| ၁။ | အနေကဇာတိသံသာရံ | ၂။ |
| ၂။ | ယဒါဟဝေပါတုဘဝန္တိဓမ္မာ | ၃။ |
| ၃။ | ဓမ္မစကြာ | ၅။ ၈။ ၉။ |
| ၄။ | နိဝါပသုတ် | ၆။ ၇။ |
| ၅။ | အနုလယတရားတော် | ၁၀။ |
| ၆။ | မဟာတဏှာသင်္ခယသုတ် | ၁၁။ ၁၂။ |
| ၇။ | ပဋိစ္စသမုပ္ပါဒ် | ၁၃။ ၁၅။ |
| ၈။ | နိဗ္ဗာန်ရောက်ကြောင်းတရား | ၁၆။ |
| ၉။ | ဗောဇ္ဈင်တရား | ၁၇။ |
| ၁၀။ | ဣန္ဒြိယသံဝရသီလ | ၁၈။ ၂၀။ |
| ၁၁။ | ဗါဟိယသုတ် | ၂၅-၂၆။ |
| ၁၂။ | နိဗ္ဗာန်တရားတော်များ | ၂၇-၃၅။ |
| | ``သိပ္ပံပိုင်း`` | |
| ၁၃။ | ဆဲလ်များအကြောင်း | ၃၆။ ၃၈။ |
| ၁၄။ | မျိုးဆက်ခြင်းအကြောင်း | ၃၉။ |
| ၁၅။ | မျိုးစေ့သတ္တိ | ၄၀-၄၂။ |
| ၁၆။ | စုတေပဋိသန္ဓေ | ၄၁-၄၃။ |

## နိဒါန်း

ဗုဒ္ဓမြတ်စွာဘုရား၏ နိဗ္ဗာန်ရောက် ကြောင်း အဆုံး အမဟုဆိုအပ် သောသာသနာ တော်သည်၊ နှစ်ပေါင်း နှစ်ထောင့် ငါးရာ ကျော်လွန်၍၊ နှစ်ဆယ့်လေး နှစ်သို့ဝင် ရောက်လာပါပြီ၊ သာသနာ တော်ကြီး သည်နှစ်ပေါင်း ငါး ထောင်သာလျှင်တည်တန့် ပါမည်ဟုအဋ္ဌကထာ တော်ကြီး များ ကထွက်ဆိုထား ပါသည်။ သို့ ပါသော်လည်း မဟာယာနိဗ္ဗာန်သုတ်ပါဠိ တော်၌လာရှိသည်မှာ–

ဣမေစ သုဘဒ္ဒ၊ ဘိက္ခူ သမ္မာ ဝိဟ ရေယျုံ၊

အသုညော လော ကော၊ အရဟ န္တေဟိအဿ ၊

ပါဠိအနက်အဓိပ္ပါယ်။

ချစ်သား သုဘဒ္ဒ၊ ငါဘုရား အဆုံး အမဟုဆိုအပ် သော သာသနာ တော်၌၊ သံဃာဝင်ဆင်း ရဲမှထွက် မြောက်လို သော ရဟန်း တို့သည် ကောင်း စွာဝိရိယစိုက်ထူ၍တရား အားထုတ်သည် ရှိသော်၊ လူနတ်ပြဟ္မာဟုဆိုအပ် သော လောကသုံး ပါး၌ ရဟန္တာ ရဟန္တာများမဆိတ်သုဉ်း သည်ဖြစ်လတ္တံ့။

ပါဠိ တော်၌လာရှိချက်များ ကိုအဋ္ဌကထာ များက မလွန် ဆန်နိုင်ပါသော ကြောင့်၊ မြတ်စွာဘုရား ၏အဆုံး အမသာသနာ တော်သည်၊ နိဗ္ဗာန် ရောက် ကြောင်း တရား အားထုတ်သူ များ ရှိ၍ကာလပတ်လုံး တည်တန့်နိုင် မည်ဖြစ် ပါသည်။ တရား တော် များ မှာလည်း ရှေး ခေတ်များ နှင့်မတူ၊ လူမှုဆက်ဆံခြင်း – ယဉ်ကျေး လာသဖြင့်၊ တရား ဖျက်ဆီး မည့်ဘေး အန္တရာယ်များ နည်း ပါး လာပါသည်။ ရှေး အခါက၊ ဘာ တရား နှင့် အယူ

ဝါဒပဋိပက္ခပြိုင်ဆိုင်မှု၊ ရှုံ့ချမှုများ အနိုင်ကျင့်မှုများ ရှိခဲ့သော်လည်း ယခုခေတ်တွင်၎င်း အပြုအမူများ ကိုနိုင်ငံ တော်တရား - ဥပဒေများ ကကာကွယ်ထား၍၊ နိုင်ငံသူနိုင်ငံသား များအား လွတ်လပ်စွာ၊ မိမိတို့ယုံကြည် သောဘာသာတရား များ ကိုကိုး ကွယ်ခွင့်ပေး ထား ပါသည်။ မှန်ကန် သောဘာသာတရား နှင့်၊ မိမိတို့၏ယူဆချက်များ ကိုလည်း ရေး သား ပြောဆိုခွင့်ရှိပါသည်။

လွန်ခဲ့သော၊ နှစ်တရာ လောက်မှစ၍၊ သိပ္ပံပညာ တိုး တက်ကြီး ပွား လာသဖြင့်၊ လျှပ်စစ်ဓါတ်နှင့်အနုမြူအင်အား တို့ကိုအသုံး ချနိုင်သဖြင့်၊ လူတို့၏ နေထိုင်စား သောက်မှုအဆင့်အတန်း အသိပညာဗဟုသုတအထူး ပင် ပြောင်း လဲလာ ပါသည်။ လျှင်မြန် သော ဂျက် လေယာဉ်ပျံများ ဖြင့်၊ မိုင် ပေါင်း တ သောင်း မျှကွာ ဝေး သောအရပ်များ သို့နေ့ချင်း ပေါက်သွား ရောက်နိုင်သည်၊အဝေး မှလွှတ် သောအသံနှင့်ရုပ်အဆင်း တို့ကိုဖမ်း ယူနိုင်သည်။ အလွန်သိမ် မွေ့သောရုပ်ကလပ်ဖွဲ့စည်း မှုများ ကို၊ အဆ ပေါင်း ငါး သောင်း မက၊ ချဲ့တွင်၍ electron microscope - ဖြင့်လည်း ကြည့်ရှုလေ့ လာနိုင်၏။ အဝေး ကြည့် telescope - ဖြင့်လည်း မရေတွက်နိုင် သည့်မိုင် ပေါင်း ကွာ ဝေး သောကြယ်တာယာ၊ တခြား ကမ္ဘာ လောကဓါတ်များ ကိုကြည့်ရှုနိုင်ကြပါသည်။

ဗုဒ္ဓစာပေများ ကား ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီး၍၊ နှစ်ပေါင်း ရှစ်ရာ၊ တထောင် ကျော်လွန်ပြီး မှ ရေး သား သောစာများ ဖြစ်ကြသည်။ အဋ္ဌကထာများ နှင့် ယင်း

ရှေး ဟောင်း ခေတ်သိပ္ပံပညာ၊ ဆေး ပညာအစ ရှိသည့် များ ပါရှိ၍ ယခုသိပ္ပံပညာနှင့်နှိုင်း ယှဉ်ပါက၊ အမှား အယွင်း များ ရှိနေသည်။ မြတ်စွာဘုရား တရားတော်ကား ၊ လောကီသိပ္ပံပညာများမဟုတ်၊ နိဗ္ဗာန်တရား ကျင့်စဉ်သာဖြစ်သည်။ ဘုရား ဟောရာ၌ လည်း ရပ်ရွာလူများ၏အခေါ်အဝေါ်အသုံး အနှုန်း ၊ အသိတရား တို့နှင့် ပဋိပက္ခမဖြစ် စေဘဲ၊ ၎င်း တို့၏သဘောသို့လိုက် လျော၍၊ သစ္စာ လေး ပါးတရား တော်ကိုထည့်သွင်း ပြီး ၊ နိဗ္ဗာန် ရောက် အောင်တရား ပြသ ပါသည်။ ဤနည်း မျိုး ကို - dialectic - ဟော ပြောနည်း - ဟု ခေါ်သည်။ ယခု ခေတ်အခါ၌သိပ္ပံပညာကိုမသင်ကြား ၊ မ လေ့လာ ဘဲ၊ ရှေး ထုံး ဓ လေ့ များ ဖြင့် နေထိုင်မည်ဆိုပါက၊ ခေတ် နောက်ကျ ၍လူမျိုး ပါကွယ် ပျောက်သွား ပါမည်။ ထို့ ကြောင့်၊ ဘုန်း တော်ကြီး များ သည်လည်း ၊ သိပ္ပံပညာသင်ကြား ၍၊ ၎င်း တို့နှင့်ပဋိပက္ခမဖြစ် စေ ဘဲ၊ မြတ်စွာဘုရား ဟောနည်း အတိုင်း လိုက်နာ ဟော ပြောမှသာ လျှင်၊ အများ စုဖြစ် သောသိပ္ပံပညာဘက် မြောက်သူများ၊ တရား အား ထုတ်၍၊ ဗုဒ္ဓသာသနာ မကွယ် ပျောက်ဘဲ၊ ရှည်မြင့်စွာတည်ရှိ နိုင်ပါမည်။

သိပ္ပံပညာနှင့်မဆန့်ကျင် သောသံဂါယတနာတင်နိကာယ် ပါဠိတော်မှမြတ်စွာဘုရား ၏အဋ္ဌကထာ လိုရင်း တရားတော်မြတ်များကို ကောက်နုတ်၍၊ ဗုဒ္ဓမေ့သိပ္ပံကျမ်း အမည်ဖြင့်၊ စာပုံနှိပ်စရိတ်များ သက်သာ စေရန်အကျဉ်း ချုံး ၍ မေ့ဒါနအဖြစ် ရေးသားလိုက် ပါသ ည်။ ဗုဒ္ဓအသုံး အမနှင့်အထူး သင့် လျော် သောဘာသာရပ်များ ၊ ဇီ ဝ

ကမ္မဗေဒ Physiology ဖြစ်သည်။ သို့သော်၎င်း ဘာသာရပ်ကို လူအများ လေ့လာမှုမရှိသဖြင့်၊ ပြည့်စုံစွာ ရေးသားရန် မလွယ်ကူပါ။ သို့နှင့်အများ ရှင်လူတို့အနည်းငယ်မျှသာ ဘောပေါက် သိရှိရန် အကျဉ်း ချုံး ရေးသားရပါသည်။ သိပ္ပံပညာဆိုင်ရာ ဝေါဟာရများကို အင်္ဂလိပ်အက္ခရာဖြင့် ရေးထားပါသည်။ သို့မှသာလျှင် အသံထွက်ပီသ၍၊ အဓိပ္ပါယ်မှန်ကန်ပါမည်။ ယခုခေတ်တွင်အင်္ဂလိပ်စာတတ်မြောက်ကြပါသည်။

ကျမ်းတွင်ပါရှိသောပါဠိတော်များလည်း ဗုဒ္ဓဝစနံများဖြစ်၍၊ ကြည်ညိုသဒ္ဓါစွာဖြင့်ကျက်မှတ်၍၊ ရွတ်ဖတ်သရဇ္ဈာယ်ကြပါက၊ ကောင်းကျိုးချမ်းသာနှင့်ပြည့်စုံကြပါလိမ့်မည်။ ။

ဒေါ် ထွန်းအောင်

-။-။-။-။-

## ပ = = ဏာ = = = မ

ဂရုဏာ သီတလ ဟာဒယံ ပညာပဇ္ဇောတ ဝိဟတ
မောဟတမံ-သ နရာမရ လောကဂရုံ။
-ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

ဂရုဏာသီတလဟာဒယံ၊ သတ္တဝါအနန္တတို့အား ကြီးမား သောသနား ခြင်း မဟာဂရုဏာ တော်ဖြင့် အေး မြ သောကိုယ်စိတ် နှလုံး ရှိတော်မူထသော၊ ပညာပဇ္ဇောတ ဝိဟတ မောဟတမံ၊ အရဟတ္တ မဂ်ပညာအလင်း ရောင်ဖြင့်အဝိဇ္ဇာအမိုက်တိုက်ကို ပယ် ဖျောက်၍ ထွန်း လင်း တော်မူ ပေထ သော၊ သ-နရာ မရ- လောကဂရုံ၊ လူနတ်ပြဟ္မာသတ္တဝါအား လုံး တို့၏ ကျေး ဇူး ရှင်ဆရာတဆူလည်းဖြစ် တော်မူထ သော၊ ဂတိဝိမုတ္တံ၊ ဒေဝမနုဿနရိယနှင့် ပေတတိရိစ္ဆာန် လား ရာငါး တန် သောဂတိတို့မှလည်း လွတ် မြောက် တော်မူ ပေထ သော သုဂတံ နိဗ္ဗာန် ရောက် ကြောင်း ကောင်း မြတ် သော ဟော ပြောခြင်း လည်း ရှိ တော်မူ သော၊ သမ္ဗုဒ္ဓံ၊ သစ္စာ လေးတန်တရား မှန်ကိုကိုယ် တော်ကိုင်သိမြင် တော်မူ သောမြတ်စွာဘုရား အား ၊ နမော တပည့်တော်၊ တပည့်တော်မတို့သည် ရိုသေစွာ ရှိခိုး ကြ ပါကုန်၏အရှင်ဘုရား ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ဘုရားပွင့်တော်မူခန်း

* * * * *

ဗုဒ္ဓေါလောကေသမုပ္ပန္နော၊ ဟိတာယသဗ္ဗပါဏိနံ

လောကေ၊ လောကသုံး ခွင်ဘုံအပြင်၌၊ ဗုဒ္ဓေါ၊ သစ္စာလေး တန်တရား မှန်ကိုကိုယ်တော်တိုင်သိမြင်တော်မူ သော်မြတ်စွာ ဘုရားသည်၊ သဗ္ဗပါဏိနံ၊ လူနတ်ပြဟ္မာသတ္တဝါအပေါင်း တို့၏၊ ဟိတာယ၊ ပစ္စုပ္ပါန်တမလွန်နိဗ္ဗာန်အကျိုး ငှာ၊ သမုပ္ပန္နော၊ ကောင်းစွာ မသွယ်ထင်ရှား ပွင့်လာ တော်မူပါပေသည်။

၂။ မြတ်စွာဘုရား သခင်သည်၊ ဥရုဝေလ တော နေရဉ္ဇရာမြစ်၏အနီး ရှိဗောဓိပင်ရင်း၌သကင်း သုံး နေ တော်မူ၏။ ဘုရား ပွင့်ခါစအခါဖြစ် ပေသည်၊ ထိုအခါမြတ်စွာဘုရား သည် ဗောဓိပင်ရင်း၌ပင်လျှင်ထက်ဝယ်ဖွဲ့ခွေထိုင်ပြီး၍၊ ခုနှစ်ရက် ပတ်လုံး ဝိမုတ္တိသုခသမာပတ်ဝင်စား တော်မူ၏။ ထို နောက် သမာပတ်မှထ တော်မူပြီး လျှင်ဝမ်း မြောက် သော စိတ်ရှိသည်ဖြစ် ၍၊ ဥဒါန်း စကား မိန့်မြွက် တော်မူ လေသည်မှာ .....

(က) အနေကဇာတိသံသာရံ၊

သန္ဓာဝိဿံ အနိဗ္ဗိသံ၊

ဂဟကာရံ ဂဝေသန္တော၊

ဒုက္ခာဇာတိပုနပ္ပုနံ၊

( ခ ) ဂဟကါရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ နကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရ ဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

( က ) ဂဟကါရံ၊ ခန္ဓာအိမ်ကိုကြိမ်ဖန်များစွာ ဆောက်လုပ်လာသော လက်သမားကို၊ ဂဝေသန္တော၊ ရှာဖွေလာသော၊ အဟံ၊ ငါဘုရားသည်၊ အနိဗ္ဗိသံ အနိဗ္ဗိသန္တော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်တို့ကို မရရှိသေးသည်ဖြစ်၍သာလျှင်၊ အနေကဇာတိသံသာရံ၊ မရေတွက်နိုင်သော ဘဝသံသရာပတ်လုံး၊ သန္ဓာဝိဿံ သံသရိတံ၊ ထိုမှဤမှ ကပြောင်းတပြန်ကျင်လည်ပြေးသွားရခြင်းကြောင့်၊ ဒုက္ခါဇာတိ ပုနပ္ပုနံ၊ ပဋိသန္ဓေနေရခြင်း အစရှိသော ဒုက္ခအပေါင်းတို့ကို အဖန်ဖန်အလီလီခံစားခဲ့ရပေပြီ။

( ခ ) ဂဟကါရက၊ ခန္ဓာအိမ်ကိုကြိမ်ဖန်များစွာ ဆောက်လုပ်လာသော လက်သမား၊ တွံ၊ သင့်ကို၊ ဒိဋ္ဌောသိ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် တဏှာဟူ၍ သိအပ်ပြီ၊ တွံ၊ သင်သည်၊ ဂေဟံ၊ အတ္တဘောတည်း ဟူသော ခန္ဓာအိမ်ကို၊ နကာဟသိ၊ မဆောက်လုပ်ရတော့ပြီ၊ တေ၊ သင်၏၊ သဗ္ဗာ၊ အလုံးစုံကုန်သော ဖါသုကာ၊ ကိလေသာတည်းဟူသော ခန္ဓာအိမ်၏ထုပ်ယောက်အခြင်ဆင့်စသည်တို့ကို၊ ဘဂ္ဂါ၊ ရစရာမရှိအောင် ဖျက်ဆီးအပ်ပေပြီ၊ ဂဟကူဋံ၊ ခန္ဓာအိမ်၏အဝိဇ္ဇာတည်းဟူသော အထွဋ်အဖူးကိုလည်း၊ ဝိသင်္ခတံ ကောင်းစွာဖျက်ဆီးအပ်ပေပြီ၊ ငါ၏၊

စိတ္တုံ၊ စိတ်သည်ဝိသခါရုံ၊ ပြုပြင်ခြင်း ကင်း သော နိဗ္ဗာန်သို့၊ ဂတံ၊ ရောက် ပေပြီ၊ တဏှာနံ၊ တဏှာအပေါင်း တို့၏၊ ခယံ၊ ကုန်ရာ ကုန်ကြောင်း ဖြစ်သော အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ၊ ရအပ်ပြီ။

မြတ်စွာဘုရား မိန့်မြွက်တော်မူသည်မှာ၊ သစ္စာလေး ပါးကိုမသိသော အဝိဇ္ဇာနှင့်နှစ်သက်တပ်မက်ခြင်း တဏှာတို့မှ ပေါက်ပွါးပေါ်များ လာသောကိလေသာအပေါင်း တို့ကြောင့် မရောက်နိုင်သောဘဝသံသရာလည်ရသည်ဟုဆိုလိုပါသည်။ ယင်း ကိလေသာအပေါင်းကို့ကို ဝီတိက္ကမ၊ ပရိယုဋ္ဌါနနှင့် အနုသယကိလေသာဟူ၍သုံး မျိုး ခွဲထားရှိရာ၊ ကါယနှင့်ဝစီလွန်ကျူး အပ်သော ဝီတိက္ကမကိလေသာနှင့် စိတ်ဒုံကြီးအစည်ကိုညစ်ပြူစေတတ်သော ပရိယုဋ္ဌါန ကိလေသာများ ကား ဖြစ်ပေါ်ခြင်း ရှိသဖြင့်၊ သီလသမာဓိတရား တို့ဖြင့်ထိန်း သိမ်းနိုင်၏။ ဖြစ်ပေါ်ခြင်း သို့မရောက် ကိန်း၍နေ သောအနုသယကိလေသာကား အနိစ္စဒုက္ခမဟုတ်၊ မဂ္ဂါဒိဋ္ဌိအက္ကတရား ဖြစ်၍ အလွန်သိမ်မွေ့သိနိုင်ခဲသဖြင့်၊ မဂ်ဥာဏ်ဖိုလ်ဥာဏ်တို့ဖြင့်သာပယ်သတ်နိုင်ပါသည်။ သတ္တဝါအပေါင်း တို့သည်ကိလေသာကရား တို့ကိုအလီလီအဖန်ဖန်ကျင့်ကြံပွား များ နေကြသဖြင့်၊ ၎င်း တို့၏အဠှိန်အစေါ်အနုသယကိလေသာကြီး ရင့်လာသဖြင့်၊ ဘဝသံသရာမှမထွက် မြောက်နိုင်ကြပါ။ ပါရမီဆယ်ပါး အပြား သုံး ဆယ်တို့ကိုပွါး များ အား ထုတ်ကျင့်ကြံလာသော်ဘုရား ၅င်တို့သာလျှင်ကြီး မား သောလုံ့လဝီရိယသမာဓိပညာအစွမ်းဖြင့် အဝိဇ္ဇာမှောင်ကိုထိုး ဖေါက်၍ ပညာဥာဏ်အလင်း ထွန်း လင်းစေပြီး ၊ သတ္တဝါဝေနေယျများအား နိဗ္ဗာန်သို့ပို့ဆောင်နိုင်ကြပါသည်။

၃။ ဝိနည်း မဟာဝါပါဠိတော်၌လာ သော ပဌမဗုဒ္ဓဝစနံ၊

(က) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ၊

(ခ) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ၊

(ဂ) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ၊

အနက်အဓိပ္ပါယ်၊

(က) အာတာပိနော၊ လုံ့လဝီရိယနှင့်ပြည့်စုံ တော်မူသော၊ ဈာယတော၊ သတိသမာဓိပညာတို့ဖြင့်ကပ်၍ ရှုနေသော၊ ဗြာဟ္မဏဿ၊ မကောင်းမှုကိုအပပြုပြီးသော မြတ်စွာဘုရားအား၊ ယထော ပဇာနာတိသ ဟေတုဓမ္မံ၊ အကြောင်းနှင့်တကွသော အကျိုးတရားကို ကောင်းစွာသိတော်မူသောကြောင့်၊ ယဒါ၊ အကြင် အခါ၌၊ ဓမ္မာ၊ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည်၊ ပါတုဘဝန္တိ၊ ထင်ရှား၍ဖြစ်ပေါ်လာကုန်၏။ အထ၊ ထိုအခါ၌ ၊

သဗ္ဗာ၊ အလုံး စုံ သော၊ ကင်္ခါ၊ ယုံမှား ခြင်း ဝိစိကိစ္ဆာတရား တဆယ့်ခြောက်ပါး တို့သည်၊ ဝပယန္တိ လွင့်ပါး ကင်း စင်ကြရ လေကုန်သတည်း ။

(ခ) အာတာပီနော၊ လုံ့လဝီရိယနှင့်ပြည့်စုံ တော်မူသော၊ ဈာယတော၊ သတိသမာဓိပညာတို့ဖြင့်ကပ်၍ ရှုနေ သော၊ ဗြဟ္မဏဿ၊ မကောင်း မှုကိုအပပြုပြီး သောမြတ်စွာဘုရား အား ၊ ယတော ခယံ ပစ္စယာနံအဝေဒိ၊ အကြောင်း တရား တို့၏ ချုပ်ငြိမ်း ခြင်း ကြောင့်၊ ယဒါ၊ အကြင်အခါ၌၊ ဓမ္မာ၊ အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ် တို့သည်၊ ပါတုဘဝန္တိ၊ ထင်ရှား ၍ဖြစ် ပေါ်လာ၏။ အထဿ၊ ထိုအခါ ၌၊ သဗ္ဗာ၊ အလုံး စုံ သော၊ ကင်္ခါ၊ ယုံမှား ခြင်း တဆယ့်ခြောက်ပါး တို့သည်၊ ဝပယန္တိ၊ လွင့်ပါး ကင်း စင်ကြရ လေကုန်သတည်း ။

(ဂ) အာတာပီနော၊ လုံ့လဝီရိယနှင့်ပြည့်စုံ တော်မူသော၊ ဈာယတော၊ သတိသမာဓိပညာတို့ဖြင့်ကပ်၍ ရှုနေ သော၊ ဗြဟ္မဏဿ၊ မကောင်း မှုကိုအပပြုပြီး သောမြတ်စွာဘုရား အား ၊ သူရိယောဝ ဩဘာသယမန္တလိက္ခံ၊ နေမင်း ၏အလင်း ရောင်သည် ကောင်းကင် တခုလုံး ကိုထွန်း လင်း နိုင်ဘိသကဲ့သို့၊ ဝိဓူပယံတိဋ္ဌတိ မာရသေနံ၊ မိမိ၏အရဟတ္တ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည်၊ မာရ်နတ်မင်း စစ်သည် များဖြစ် သောကိလေသာအ ပေါင်း တို့ကိုဖျက်ဆီး ၍ထွန်း လင်း တော် မူနိုင် လေကုန်သတည်း ။

၄။ မြတ်စွာဘုရား သခင်သည်၊ ဒုက္ခရစရိယာအကျင့်ကို စွန့်လွှတ်သည်မှအစပြု၍ မဇ္ဈိမပဋိပဒါအကျင့်ကို ဆောက်တည်သဖြင့်၊

သီလသမာဓိတရားများ စင်ကြယ်၍တည်မြဲလာ၏။ နောက်ဆုံးဘုရားဖြစ်မည့်ညတွင်မူကား၊ ဗောဓိပင်ရင်း၌တရားအား ထုတ်ရာ သမာပတ်ရှစ်ပါးနှင့်အဘိဉာဏ်တရားတို့ကိုရရှိ၍၊ ဝိဘိတ္တမနှင့် ပရိယုဋ္ဌါနကိလေသာနှစ်ပါးကို ကောင်းစွာ အောင်မြင်လေသည်။ ထိုနောက်ပဋိစ္စသမုပ္ပါဒ်တရားကိုအနုလုံပဋိလုံ အလီလီအဖန်ဖန် ဆင်ခြင်၍တရားအား ထုတ်သဖြင့်၊ အကြောင်းနှင့်တကွသော အကျိုးတရားတို့ကိုထင်ရှားသိမြင်သော သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ပေါ်လာရလေသည်။ ၎င်းဉာဏ်ဖြင့်မှားသောအကျင့် - မှားသောအမြင်နှင့်ယုံမှားခြင်းတရားတို့ကိုပယ်ရှင်း၍၊ ဘဝ သံသရာလည်စေတတ်သော တဏှာအနုသယ်နှင့်ကြွင်းကျန်မပယ်ရ သေးသော အနုသယကိလေသာများကိုထင်ထင်ရှားရှားသိမြင် တော်မူလေသည်။ ၎င်းနောက်မိမိ၏ကြီးမားသော သတိဝီရိယ သမာဓိအင်အားတို့ကြောင့် ကျန်မဂ်ဉာဏ်ဖိုလ်ဉာဏ်သုံးပါး တို့သည်၊ မရှေးမနှောင်း အစဉ်အတိုင်း ဆက်လက်ဖြစ်ပေါ် လာ၍၊ မာရ်နတ်သား၏နောက်လိုက်ဖြစ်သော ကိလေသာအညစ် အကြေးအပေါင်းတို့ကိုဝါသနာနှင့်တကွ အကြွင်းအကျန်မရှိအောင် ပယ်ရှားတော်မူ၍၊ လောကသုံးပါးတွင် အတုမရှိသော သမ္မာ သမ္ဗုဒ္ဓဘုရားဖြစ်လာတော်မူလေသည်။ ကာမဂုဏ်ငါးပါးဟု ဆိုအပ်သောမာရ်နတ်နိုင်ငံကြီး၌ကား သတ္တဝါဝေနေယျများကို ဘုရားဟော၍နိဗ္ဗာန်သို့ပို့ဆောင်ရန်အတွက် နေထိုင်သုံးဆောင် ရခြင်းဖြစ်ပါသည်။

၅။ ဓမ္မစကြာပါဠိတော်မှ ကောက်နှုတ်ချက်များ ။

ဒွေး မေဘိက္ခု ဝေအန္တာ ပဗ္ဗဇိတေန၊ န သေဝိတဗ္ဗာ၊ ကတမေ ဒွေး၊ ယောစာယံ ကာမေသုကာမသုခလ္လိကာနုယောဂေါ၊ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ အနရိယော၊ ယောစာယံအတ္တ ကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

<u>အဓိပ္ပါယ်ပြန်</u>။

ရဟန်းတို့၊ ရဟန်း ဖြစ်သောသူသည် အယုတ်တရား နှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၊ အဘယ်အယုတ်တရား နှစ်ပါး ဟူသော်ကား ယုတ်သော ရွာသူတို့၏ ဥစ္စာဖြစ်သော၊ ပုထုဇ္ဇဉ်တို့၏အကျင့်ဖြစ်သော ငါးပါး အာရုံ ကာမဝတ္ထုတို့၌၊ ကိလေသာကာမနှင့်ယှဉ်သော ချမ်းသာကိုခံစားခြင်း ငှါအား ထုတ်ခြင်း ဟူသောအစွန်းသည် ၄င်း၊ အလွန်ဆင်းရဲစွာ နေထိုင်၍ မမျှတသောအခါ အဟာရများကို သုံးဆောင်ခြင်း ဟုဆိုအပ်သော၊ အရိယာတို့၏အကျင့်မဟုတ်သော၊ နိဗ္ဗာန်မဂ်ဖိုလ်အကျိုး ငှါမဟုတ်သော၊ မိမိကိုယ်၏ ပင်ပမ်းခြင်းကို တဖန်တလဲလဲဖြစ်စေတတ်သော အစွန်းသည် ၄င်း ဖြစ်၏။

မြတ်စွာဘုရားသည်၊ ဥရုဝေဠတော၌အလွန်ကျင့်နိုင်ခဲသော ဒုစရိယာကိုကျင့်တော်မူနေစဉ် ပဉ္စဝဂ္ဂီငါးဦးတို့ကား မြတ်စွာဘုရား၊ ဘုရားဖြစ်သည့်အခါတရားဦး ကိုနာယူရန် အတွက်၊ အနီးအနား၌လုပ်ကျွေး လျက် နေကြ၏။ သို့သော်မြတ်စွာဘုရားသည်၊ ဒုက္ကရစရိယကိုစွန့်၍ ရပ်ရွာများသို့ဆွမ်းခံကြွသည်

ရှိသော်၊ ဤသိဒ္ဓမင်းသားကား ဘုရားဖြစ်တော့မည်မဟုတ်၊ မိမိ၏ကမ္မဋ္ဌာန်း မှထွက်၍လာတတ်ပွါး များခြင်း ငါလှည့်လည်လျက် နေသည်ဟုအထင်များ၍၊ ဥရုဝေဠတောမှထွက်ခွါကြပြီး လျှင်၊ ဗါရာဏသီမိဂဒါဝုန်တောသို့ နေထိုင်ကြလေကုန်၏။ သို့ဖြစ်ပါ၍မြတ်စွာ ဘုရားသည်၊ မိမိကျင့်ခဲ့သောဒုက္ကရစရိယအကျင့်များနေကြောင်း နှင့်မဇ္ဈိမပဋိပဒါအကျင့်မှန်အရိယလမ်းကြောင်းကိုထုတ်ဖော် ဟောပြောရပါသည်။ မဇ္ဈိမပဋိပဒါအကျင့်ကား အရိယာသစ္စာ လေးပါးတို့ဆွင်စတုက္က မြောက်မဂ္ဂသစ္စာဖြစ်သည်။

အာဟာရသုံးဆောင်ခြင်း၌အကျင့်တရားကိုမြတ်စွာ ဘုရားသခင်သည်၊ မူလပဏ္ဏာသပါဠိတော်နိဝါပသုတ်တွင်ရဟန်းတို့ အားဟောကြားတော်မူသည်မှာ၊ ရဟန်းတို့၊ မုဆိုးသည်တောထဲ၌ ရှိသောသမင်အပေါင်းတို့ကိုသတ်ဖြတ်၍အလိုရှိတိုင်းပြုလုပ်ရန်အတွက် တောထဲ၌မြက်ခင်းများကိုစိုက်ပျိုးထား၏။ သမင်အုပ်စုလေးစု အနက်၊ ပဌမအုပ်စုသမင်တို့သည်ဘပ်မက်မောသည်ဖြစ်၍၊ ထိုမြက် ခင်းသို့တိုးဝင်၍မြက်ကိုကိုစားကုန်သည်ရှိသော်၊ ယစ်၍သတိမေ့ လျော့ခြင်းသို့ရောက်ကုန်၏။ မုဆိုးလည်း မိမိလက်ထဲရောက်ပြီး သောသမင်တို့အား သတ်ဖြတ်၍၊ အလိုရှိတိုင်းပြုလုပ်လေ၏။

ဒုတိယသမင်အုပ်စုသည်၊ ပဌမသမင်အုပ်စုပျက်စီးရသည် ကိုသိ၍၊ မုဆိုးမြက်ခင်းသို့ဝင်ရောက်ခြင်းမှရှောင်ကြဉ်ကြကုန်၏။ နွေရာသီအစာရေစာအလွန်ခေါင်းပါးသည့်လများသို့ရောက်ရှိ သောအခါ၊ မိမိတို့သည်ပိန်ကြုံ၍ခွန်အားဆုတ်ယုတ်ဆင်းရဲလတ်သော်၊

မုဆိုး ၏မြက်ခင်း များ သို့ဝင် ရောက်စား သောက်ကြကုန်သည်ဖြစ်၍၊ ပဌမသမင်အုပ်စုကဲ့သို့ပင် မုဆိုး ၏သတ်ဖြတ်ခြင်း သို့ ရောက်ကြရ လေကုန်၏။ တတိယသမင်အုပ်စုတို့က၊ ပဌမနှင့်ဒုတိယသမင်အုပ်စုတို့ပျက်စီး ရခြင်း မှာ မျက်ခင်း ၌မြက်တို့ကို လောဘဇောဖြင့်အတိုင်း ထက်အလွန်စား ခြင်း ကြောင့်သတိ မေ့လျော့ခြင်းသို့ရောက်၍၊ မုဆိုး လက်ထဲကျ ရောက်ရ လေသည်ဟုပညာဖြင့်ဆင်ခြင်၍၊ မြက်ကို့ကို ခန္ဓာကိုယ် မျှတ ရုံနှင့်အင်အား မဆုတ်ယုတ်ရုံမျှသတိပညာဖြင့်ဆင်ခြင်၍စား ကြကုန်၏။ မုဆိုး နှင့်မုဆိုး ပရိသတ်တို့မှာ များစွာ မကြေနပ်ဖြစ်၍၊ ဤသမင်တို့ကား အနီး အနား မှာ ၌တန်ရာ၏ဟု ကြီး မား သော ဒုတ်လှံတံတပ်ဆင်ထား သည့်ပိုက်တို့ဖြင့်ဝန်း ရံဖမ်း ဆီး ကြရာ၊ တတိယသမင်အုပ်စုတို့သည်လည်း မုဆိုး လက်ထဲသို့ကျ ရောက်ကြရ လေကုန်၏။

စတုတ္ထ မြောက်သမင်အုပ်စုတို့သည်၊ တတိယသမင်အုပ်စုတို့၏အပြစ်ကိုမြင်၍၊ မိမိတို့သည်မုဆိုး နှင့်မုဆိုး ပရိသတ်မရောက်နိုင် မမြင်နိုင် သော နေရာများ ကိုအမှီပြု၍ နေပြီး လျှင်၊ မုဆိုး ၏မြက်ခင်း များ သို့ဝင် ရောက်၍ မျှတရုံသာသတိပညာဖြင့်ဆင်ခြင်၍စား ကြကုန်၏။ မုဆိုး နှင့်၎င်း ၏ပရိသတ်များ သည်၊ မည်သို့မျှစတုတ္ထသမင်များ ကိုဖမ်း ဆီး ရန်မတတ်စွမ်း ကြကုန်။ အကယ်၍ ငါတို့သည်အကြမ်းဘက်၍ပြုလုပ်ပါက၊ တခြား သမင်များ ထိတ်လန့်၍ဝေး ရာအရပ်များ သို့ဖဲသွား မည်ကိုစိုး ရိမ်သဖြင့်၊ စတုတ္ထအုပ်စုသမင်တို့အား လစ်လျူရှုကြကုန်၏။

၇။ ရဟန်းတို့၊ ဤဥပမာ၏အနက်သဘောကား ၊ မြက်ခင်းဟူသောအမည်သည်၊ ကါမဂုဏ်ငါးပါးတို့ပေတည်း ။ မုဆိုးဟူသောအမည်ကား ယုတ်မာသော မာရ်နတ်ဖြစ်၏။ မုဆိုး ပရိသတ်ဟူသည်ကိလေသာဘရားတို့တည်း ၊ သမင်အပေါင်းတို့ဟူသည် သမဏဗြဟ္မဏတို့တည်း ။

ရှေးဦးသမဏဗြဟ္မဏတို့သည်၊ ကါမဂုဏ်ငါးပါးကိုသတိပညာဖြင့်မဆင်ခြင်ဘဲသုံးဆောင်မှီဝဲကြသဖြင့်၊ မာရ်နတ်၏ ကျော့ကွင်းဖြစ်သောအိုနာသေဘေးသို့ကျရောက်ကြရလေကုန်၏။ ဒုတိယမြောက်သမဏဗြဟ္မဏတို့သည်လူတို့၏ကါမဂုဏ်ခံစားမှုမှပဲ ရှောင်လျက် တောထဲ၌ခြိုးခြံစွာသစ်သီး သစ်ရွက်သစ်မြစ်များကိုစားသုံးကြသော်လည်း ၊ နွေရာသီလများ၌အစာရေစာအလွန်ရှားပါး၍၊ ပိန်ကြုံသောကိုယ်ရှိသည်ဖြစ်သောကြောင့်၊ ရပ်ရွာထဲသို့ပြန်လည်ဝင်ရောက်၍လူတို့ကဲ့သို့ကါမဂုဏ်အာရုံခံစားပြန်ရကား ၊ အိုနာသေဟူသောမာရ်နတ်လက်ကွင်းသို့ကျရောက်ကြရပြန်လေသည်။ တတိယသမဏဗြဟ္မဏတို့ကား ၊ ကါမဂုဏ်ငါးပါးကိုကိုသတိပညာဖြင့်ဆင်ခြင်၍မမက်မောဘဲခန္ဓာကိုယ်မျှတရုံသာစားသောက်ကြ၏။ သို့သော် လောကသည်မြဲ၏။ မမြဲ၊ လောကသည်အဆုံးရှိ၏။ မရှိ၊ အသက်သည်ခန္ဓာကိုယ်တည်း ၊ အသက်နှင့်ခန္ဓာကိုယ်တခြားစီ၊ အစရှိသော ဖြေကြားရန်မလွယ်ကူသောမှားသောအယူဝါဒများကြောင့်၊ မာရ်နတ်၏လက်ကွင်းမှမလွတ်မြောက်နိုင်ကြ၍၊ အိုနာသေဘေးသို့သိုက်ရောက်ကြရပြန်လေသည်။ စတုတ္ထသမဏဗြဟ္မဏတို့ကား ၊ ကါမဂုဏ်ငါးပါး လောကအာမိသတို့ကို၊ သတိပညာဖြင့်

ဆင်ခြင်၍၊ မမက်မောဘဲ မျှတရုံစားသောက်ပြီး ၊ မာရ်နတ်မင်း မမြင်ရာဖြစ်သော သမာပတ်ရှစ်ပါး တို့ကို ဝင်စား၍ နေကြကုန်၏။ ကိလေသာကို ပယ်အပ်ပြီး သော မြတ်စွာဘုရား၏ တပည့်သာဝကတို့ကား မာရ်နတ်မျက်စိကန်း အောင်ပြုနိုင်သော ဖလသမာပတ်၊ နိရောဓ သမာပတ်တို့ကို ဝင်စား၍ နေထိုင်ကြလေကုန်၏။

၈။ <u>အရိယာသစ္စာလေးပါး ဟူသည်ကား</u> -

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံမိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ၊ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ၊ ဝိဘဝတဏှာ။

ဣဒံ ခေါပန ဘိက္ခဝေ၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿာ ယေဝတဏှာယ အသေသဝိရာဂနိရောဓော၊ စါဂေါ၊ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဣဒံ ခေါပန ဘိက္ခဝေ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

အနက်အဓိပ္ပါယ်။

ရဟန်းတို့၊ ဤတရားတို့ကား အရိယာကိုသိအပ်သော မှန်ကန်သောဒုက္ခသစ္စာတရား မည်၏။ ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။ အိုမင်းရင့်ရော်ခြင်း သည်လည်း ဆင်းရဲ၏။ ဖျားနာရခြင်း သည်လည်း ဆင်းရဲ၏။ သေရခြင်း သည်လည်းဆင်းရဲ၏။ မချစ်မနှစ်လိုသောသတ္တဝါသင်္ခါတို့နှင့်အတူတကွ နေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်နှစ်လိုအပ်သောသတ္တဝါသင်္ခါရကိုနှင့်ကင်းကွာ၍ နေရခြင်း သည်လည်း ဆင်းရဲ၏။ ဤကဲ့သို့ဖြစ်လို၏ဟု တောင့်တတိုင်း မရရှိနိုင်ခြင်း သည်လည်း ဆင်းရဲ၏။ အကျဉ်း အားဖြင့်ဥပါဒါန် တရား၏အာရုံဖြစ်သောစွဲလန်းထားရှိသောခန္ဓာငါး ပါးတို့ သည်လည်း ဆင်းရဲ၏။

ရဟန်းတို့၊ ဤတရားတို့ကား အရိယာတို့သိအပ်သော ဒုက္ခ၏အကြောင်း ဖြစ်သောတရား မည်၏။ အကြင်တဏှာသည်ဘဝ သစ်ကိုဘဖန်ဖြစ်စေတတ်၏။ နှစ်သက်ခြင်း တပ်မက်ခြင်းတို့ကြောင့် ဖြစ်၏။ ထိုထိုဓမ္မတို့ဖြစ်နေသောဘဝတို့၌အလွန်နှစ်သက်တတ်၏။ ဤတဏှာသည်အဘယ်နည်း ၊ ဝတ္ထုကာမကိုတပ်မက်သောကာမတဏှာသည်၄င်း ဘဝတဏှာသည်လည်း ကောင်း ၊ ဝိဘဝတဏှာသည်လည်း ကောင်း ဖြစ်၏။

ရဟန်းတို့၊ ထိုတဏှာသည်ပင်လျှင်၊ အကြွင်း မဲ့ကင်း ရာ ချုပ်ရာဖြစ်သော၊ ဝေး စွါစွန့်ရာဖြစ်သောလွတ်ရာဖြစ်သော ကပ်ငြိခြင်းကင်း ရာဖြစ်သောနိဗ္ဗာန်ကား အရိယာတို့သိအပ်သော ဒုက္ခ၏ချုပ်ရာဖြစ်သောသစ္စာတရားမည်၏။

ရဟန်း တို့၊ အရိယာတို့သိအပ်သော ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန် သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤ ရှစ်ပါး သော တရားတို့ကား မြတ်သော မဂ္ဂသစ္စာ တရား မည်၏။ အဘယ်ရှစ်ပါး ဟူမူ၊ ကောင်းစွာ သိမြင်ခြင်း ၊ ကောင်း စွာကြံခြင်း ၊ ကောင်း စွာပြောဆိုခြင်းကောင်း စွာအား ထုတ်ခြင်း ၊ ကောင်း စွာတည်ကြည်ခြင်း တို့ပင်တည်း။

မြတ်စွာဘုရား သခင်သည်အထက် ဖော်ပြပါသစ္စာတရား လေး ပါး ကိုသစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟု သောဉာဏ်သုံး ပါး ဖြင့်၊ ပဉ္စဝဂ္ဂီ ရဟန်း တို့အား ပိုင်း ခြား၍ ဟော တော်မူအပ်သည် ရှိသော်၊ ဒေသနာ တော်၏အဆုံး ၌ပဉ္စဝဂ္ဂီငါး ဦး အနက်အကြီးဆုံး ဖြစ် သောအရှင် ကောဏ္ဍညသည် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်၌တည် လေ၏။ အဘယ်သို့ယင်း ဉာဏ်တို့၌တည် နေသနည်း ဟူမူကား ၊

ဣမသ္မိံစပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မာ
ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊
သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။

ဤသို့မြတ်စွာဘုရား သည်၊ ပဉ္စဝဂ္ဂီတို့အား စကား ပြေ အမေး အဖြေ တို့ဖြင့် ဟော တော်မူအပ်သည် ရှိသော်၊ အရှင် ကောဏ္ဍည မထေရ်အား ကိလေသာ တစ်မက်ခြင်း အညစ်အ ကြေး ကင်း သည်ဖြစ် ၍၊ ဓမ္မစက္ခု၊ သစ္စာ လေး ပါး ကိုမြင် သော၊ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည်ထင်ရှား ၍ဖြစ် ပေါ်လာသည်မှာ၊ 'အလုံး စုံ သော အကျိုး တရား တို့သည်အ ကြောင်း ကိုစွဲ၍ဖြစ်ကြကုန်လျက် ချုပ်ငြိမ်း ခြင်း သဘောရှိ၏။' ဤသဘောတရား ၏အနက်ကား စာပိုဒ်(၃)တွင်

ပါရှိသော မြတ်စွာဘုရား ဥဒါန်း ဂါထာ 'ပဇာနာတိ သဟေတုဓမ္မံ'
နှင့်သဘော ချင်း အတူတူဖြစ်၏။ တဖန်၎င်း တို့နှင့်တသဘောတည်း
ဖြစ်သော ဂါထာမှာ - 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာ
ဂတော အာဟ၊ တေသဉ္စနိ ရောဓော၊ ဧဝံဝါဒီ မဟာသမဏော ၊
အဓိပ္ပါယ်ကား - ရဟန်း ~~တို့~~၊ ကြီး မြတ်စွာဘုရား ၏အယူမှာ၊ အလုံးစုံ
သောတရားတို့သည်အကြောင်း ကြောင့်ဖြစ်ပေါ်လာကြကုန်၏။ ထို
အကြောင်း တရား ကိုလည်း မြတ်စွာဘုရား ဟောကြား တော်မူ၏။
အကြောင်း အကျိုး တရား တို့သည်ချုပ်ငြိမ်း ခြင်း သဘောရှိ၏။
ရဟန္တာဖြစ်ပြီး သောပဉ္စဝဂ္ဂီတို့၏အငယ်ဆုံး အရှင်အဿဇိမထေရ်
သည်၊ ရာဇဂြိုဟ်ပြည်သို့ဆွမ်း ခံကြွရာ၊ အရှင်သာရိပုတြာအလောင်း
ပုရိဗိုဇ်နှင့် တွေ့ဆုံ၍၊ ပရိဗိုဇ်ကအရှင်အဿဇိ၏ဣန္ဒြယ်အမူအရာတို့ကို
အလွန်ကြည်ညိုသဖြင့်တရား ဟောပါဟု မေး လျှောက်သဖြင့်၊ မြတ်စွာ
ဘုရား ၏တရား ဓမ္မကိုအတိုချုံး၍ ဟော ပြောရခြင်း ဖြစ်ပါသည်။
သာရိပုတြာအလောင်း ပရိဗိုဇ်သည်၊ ဤမျှလောက် သောဂါထာဖြင့်ပင်
လျှင် သောတာပတ္တိမဂ်သို့ ရောက်သွား ပါသည်။ သာရိပုတြာပရိဗိုဇ်က
တဖန် - အရှင်မောဂ္ဂလာန်ပရိဗိုဇ်အား တဆင့်ဟောကြား ရာ၊
အရှင်မောဂ္ဂလာန်လည်း ဓမ္မစက္ခုအလင်း ရရှိလေသည်။ ကျောက်စာ
ဖြင့်ရေး သား ထား သော ဤဂါထာများ ကိုမဇ္ဈိမဒေသနှင့်မြန်မာ
ပြည်၊ ပုဂံမြို့တွင်အနှံ့အပြား တွေ့ရှိနိုင်ခြင်း ကြောင့်ဗုဒ္ဓ၏ဓမ္မအစစ်
ထင်ရှား ဖြစ်ပါသည်။ လေး စား စွာ စိန္တာမယဉာဏ်ဖြင့်ဆင်ခြင်
သုံး သပ်၍၊ အနက်အဓိပ္ပါယ်ကိုယထာဘူတဟုတ်မှန်သည့်သဘောအတိုင်း

ဝေဖန်ကြပါ။ စာပိုဒ်-၁၁၊ ၁၂၊ ၁၃-တို့တွင်၌အကျိုး အကြောင်း တရားတို့ကိုအကျယ် ရေး ထား ပါသည်။

---

## "အနုသယတရား တော်"

အနုသယတရား တော်ကိုမြတ်စွာဘုရား သခင်သည်၊ သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်း တော်၌ရဟန်း တို့အားဟောကြား တော်မူပါသည်။ ပဉ္စမပဏ္ဏာသ မဟာမာလုကျပုတ္တသုတ်၌လာရှိပါသည်။ မြတ်စွာဘုရား သည်ရဟန်း တို့အား သင်တို့သည်ကါမဘုံ၌ကျင်လည် စေတတ် သောတရား တို့ကိုသိကြကုန်၏ လောဟု မေး မြန်း တော်မူ၏။ အရှင်မာလုကျပုတ္တက၊ အရှင်ဘုရား ၊ တပည့် တော်သည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကါမစ္ဆန္ဒနှင့်ဗျာပါဒ သံယောဇဉ်တို့ ကြောင့်၊ သတ္တဝါတို့သည်ကါမဘုံ၌ကျင်လည် နေရသည် ဟု မြတ်စွာဘုရား ဟော တော်မူသည်ကိုမှတ်သား မိပါ၏ဟု ဖြေကြားရာ၊ မြတ်စွာဘုရား ကငါသည်၎င်းသို့အဘယ်သူကိုမျှမ ဟော၊ အကယ်၍သင် ဖြေကြား သည့်အတိုင်း မှန်လျှင်၊ ငါ၏သိသနာအပြင်ပမှ ပရိဗိုဇ်တို့သည်၊ လူငယ်လျှင်ဥပမာ ရှိသော၊ ၎င်းစွပ်စွဲခြင်း ဖြင့်စွပ်စွဲကြကုန်မည် မဟုတ် လော၊ မာလုကျပုတ္တ၊ ပက်လက်အိပ်အရွယ်လူမမယ်ခ လေးသူငယ် အား ၊ ငါ့ကိုယ် ကောင်ဟူ၍လည်း မဖြစ် သေး ၊ ငါ့ကိုယ် ကောင်၌ ငါဟုစွဲ ယူသည့်သက္ကာယဒိဋ္ဌိကား အဘယ်သို့ဖြစ်နိုင်အံ့နည်း ။ သို့သော် - ထိုသူငယ်အား ငါ့ကိုယ် ကောင်၌ ငါဟုစွဲယူမှုသက္ကာယဒိဋ္ဌိကား ကိန်းနေသည် သာတည်း ၊ ထိုသူငယ်အား သဘာဝ မွေဟူ၍လည်း မဖြစ် သေး ။

သဘာဝဓမ္မတို့၌ယုံမှား မှုဝိစိကိစ္ဆာကား အဘယ်သို့လျှင်ဖြစ်နိုင်အံ့နည်း ။ သို့သော်ထိုသူငယ်အား ယုံမှား မှုဝိစိကိစ္ဆာအကိန်း ကား ကိန်း နေသည်သာတည်း ။ မာလုက္ယပုတ္တ ပက်လက်အိပ်အရွယ် ခလေးငယ်အား အလေ့အကျင့်ဟူ၍ မှုလည်း မဖြစ်သေး ။ မှား သော အလေ့အကျင့် သီလဗ္ဗတပရာမသ သုံး သပ်မှုကား အဘယ်မှာလျှင်ဖြစ်နိုင်ပါအံ့နည်း။ သို့သော်အလေ့အကျင့်တို့၌ မှား သော သုံး သပ်မှုအကိန်း ကား ၊ ကိန်း နေသည်သာတည်း ။ ထိုခလေး သူငယ်အား ကာမဂုဏ်ဟူ၍ မှုလည်းမဖြစ်သေး ။ ကာမဂုဏ်တို့၌လိုလား မှုကား အဘယ်မှာဖြစ်နိုင်ပါအံ့နည်း ။ သို့သော်ကာမဂုဏ်တို့၌လိုလား မှုအကိန်း ကား ကိန်း နေသည်သာတည်း ။ မာလုက္ယပုတ္တ မယ်ခလေး ငယ်အား သတ္တဝါဟူ၍ မှုလည်း မဖြစ်သေး ။ ~~သတ္တဝါဟူ၍ မှုလည်း မဖြစ်သေး~~ ။ သတ္တဝါတို့၌ ဖျက်ဆီး လိုမှုကား အဘယ်မှာဖြစ်နိုင်ပါအံ့နည်း ။ သို့သော်သတ္တဝါတို့၌ ဖျက်ဆီး မှု ဗျာပါဒအကိန်း ကား ကိန်း နေသည်သာတည်း ။

အနုသယတရား တို့သည် ၊ အဘယ်ကြောင့်သတ္တဝါတို့၌ကိန်း နေသည်သနည်း ဟူမူ ၊ သတ္တဝါတို့သည်ဘုရား ပွင့်ချိန်အခါသမယတို့၌ လူ-နတ်-ဗြဟ္မာဘဝအဖြစ်ဖြင့် ၊ မြတ်စွာဘုရား နှင့်သံဃာ တော်ကို အား ကြုံတွေ့ရန်အလွန်ခဲယဉ်း ပေသည်။ ကြုံတွေ့ပါကလည်း ဘုရားနှင့် အရိယာသံဃာ တော်သူတော် ကောင်း တို့၏အဆုံး အမဩဝါဒကိုမခံယူ မကျင့်ကြံသဖြင့် ၊ အနုသယတရား တို့သည်မိမိတို့၏သန္တာန်၌ကိန်းအောင်း ကြရလေကုန်၏ ။

အနုသယတရားတို့သည်အဘယ်ကြောင့်သတ္တဝါတို့၏သန္တာန်၌ ကိန်းအောင်းခြင်းမှ ပျောက်ကင်းကြရပါသနည်း ။

အရိယာပုဂ္ဂိုလ်တို့ကိုပညာမျက်စိဖြင့်မြင်သော၊ အရိယာပုဂ္ဂိုလ်တို့၏တရား၌လိမ္မာသော၊ အရိယာပုဂ္ဂိုလ်တို့၏တရား၌ဆုံးမအပ်ပြီးသော အကြားအမြင်ရှိသောအရိယာပုဂ္ဂိုလ်တို့၏တပည့်သည်၊ မိမိကိုယ်ကောင်၌ငါဟုစွဲယူမှုမမှေးရှက်သော၊ မိမိကိုယ်ကောင်၌ငါဟုစွဲယူမှုမရှိသောစိတ်ဖြင့်နေထိုင်၏။ ဖြစ်ပေါ်လာသောသက္ကာယဒိဋ္ဌိ မိမိကိုယ်ကောင်၌ငါဟုစွဲယူမှု၏လွတ်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏။ ထိုသူအား သက္ကာယဒိဋ္ဌိသည်၊ အနုသယနှင့်တကွပျောက်ကင်း၏။

ထိုနည်းတူစွာ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂနှင့်ဗျာပါဒအနုသယတရားများအတွက်လည်း အရိယာပုဂ္ဂိုလ်တို့ထံမှအဆုံးအမခံယူ၍၊ ၎င်းတို့နှင့်ကြားပြသသည့်အတိုင်း ကျင့်ကြံအားထုတ်ပါက၊ အဆိုပါသံယောဇဉ်အပေါင်းတို့သည်အနုသယနှင့် တကွပျောက်ကင်းကုန်၏။

အထက်ပါမြတ်စွာဘုရား၏တရားတော်အရ၊ အနုသယသံယောဇဉ်တို့ကိုဘုရားသာသနာအတွင်းမှာသာလျှင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်ပယ်သတ်နိုင်ပါသည်။ ဤကဲ့သို့ပယ်သတ်ရာ၌လည်း ရှေးဘဝများကသီလသမာဓိနှင့်ပညာတို့ကိုဆည်းပူးလာသောပုဂ္ဂိုလ်များသာလျှင်အနုသယတရားပါးလှာ၍ပယ်သတ်ရန်လွယ်ကူလေသည်။ အနုသယတရားထူထဲသောသူတို့မှာကား၊ သီလသမာဓိပညာ ဝိပဿနာတရား [illegible]

ပတ်ဝင်စားနေသောသူများအား ၊ ကါမအာရုံနှင့်ကိလေသာတို့မဝင်ရောက်နိုင်၊ ထို့ကြောင့်အနုသယတရားပါးလှာစေရန်၊ ဈာန်သမာပတ်တရား ရရှိအောင်ကြိုးစားအားထုတ်ရန် လိုသည်။ ထိုမှတဖန်ဈာန်အင်္ဂါနှင့်တကွ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုအနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာရှုသောအားဖြင့်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ပေါ်လာပြီး ၊ အနုသယတရား ကင်းစင်ကြရလေသည်။ ယခုပစ္စုပ္ပန္နဘဝ၌နိဗ္ဗာန်မဝင်နိုင်သေးလည်း ၊ နောင်ဘဝများ၌ဗုဒ္ဓသာသနာတော်နှင့်ကြုံကြိုက်ရမည်ဖြစ်၍၊ ရိုသေစွာတရားအားထုတ်သူများ ကျွတ်တန်းဝင်ကြမည်ဖြစ်ပါသည်။

---

၁၁။ `` <u>မဟာတဏှာသင်္ခယသုတ်</u> ``

မူလပဏ္ဏာသပါဠိတော်၊ မဟာတဏှာသင်္ခယသုတ်ကို မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သဿတဒိဋ္ဌိအယူရှိသော သာတိမည်သော ရဟန်းကိုအကြောင်းပြု၍ ရဟန်းတို့အား ဟောကြားတော်မူပါသည်။ ရဟန်းတို့၊ အသိစိတ်ဝိဉာဏ်သည်အကြင် အကြင် အကြောင်းကိုစွဲ၍ဖြစ်ပေါ်၏။ ထိုထိုအကြောင်းဖြင့်သာလျှင်၊ ဝိဉာဏ်ဟုခေါ်ဝေါ်ခြင်းသို့ရောက်၏။

စက္ခုဉ္စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ ဝိညာဏံ စက္ခုဝိညာဏံတွေဝ သင်္ချံ ဂစ္ဆတိ

| | | |
|---|---|---|
| သောတဉ္စ | သဒ္ဒေစ | သောတ |
| ဃာနဉ္စ | ဂန္ဓေစ | ဃာန |
| [illegible] | [illegible] | [illegible] |

ကာယဋ္ဌစ　　　ဖောဋ္ဌဗ္ဗစ　　　ကါယ

မနဋ္ဌ　　　ဓ ဓမ္မ　　　မနော

မျက်စိနှင့်အဆင်း တို့ကိုအ ကြောင်း ပြု၍သိမှုဖြစ် ပေါ်လာ၏။ မျက်စိသိဟူ၍ ခေါ် ဝေါ်ခြင်း သို့ရောက်၏။

ထိုနည်း အတူ၊ နား နှင့်အသံကိုနား သိ၊ နှာ ခေါင်း နှင့်အနံ့ ကိုနှာ ခေါင်း သိ၊ လျှာနှင့်အရသာကိုလျှာသိ၊ ကိုယ်နှင့်အ တွေ့တို့ကိုကိုယ်သိ စိတ်နှင့်အာရုံများ ကိုစိတ်သိဟူ၍ ခေါ် ဝေါ်ခြင်း သို့ရောက်၏။ ဥပမာအား ဖြင့် တောက် လောင်ခြင်း သဘောရှိ သောမီး ကိုငင်း ၏ မီး ဇာဖြစ် သောထင်း ၊ မြက်၊ ဝါး ၊ စသည်တို့ကိုအ ကြောင်း ပြု၍၊ ထင်း မီး -မြက်မီး -ဝါး မီး စသည်ဖြင့် ခေါ် ဝေါ်ခြင်း နှင့်တူ၏။

၁၂။ ရဟန်း တို့၊ ခန္ဓာသည်အ ကြောင်း ကြောင့်ဖြစ် ပေါ်လာ၏ဟု ရှုမြင်ကြကုန်၏ လောဟု မေး တော်မူ၏။ ရှုမြင်ပါကုန်၏အရှင်ဘုရား ဟု ဖြေကြား ကုန်၏။

ရဟန်း တို့၊ ထိုထိုအ ကြောင်း ၏ချုပ်ခြင်း ကြောင့်ဖြစ် ပေါ် လာ သောခန္ဓာသည် ချုပ်ခြင်း သဘောရှိ၏ဟု ရှုမြင်ကြကုန်၏ လောဟု မေး တော်မူ၏။

ရှုမြင်ကြပါကုန်၏ဘုရား ဟု ဖြေကြား ကြကုန်၏။

ရဟန်း တို့၊ ဤခန္ဓာ၏ဖြစ်ခြင်း ချုပ်ခြင်း ကိုဟုတ်တိုင်း မှန်စွာ ဝိပဿနာပညာဖြင့် ရှုမြင်သူအား မဆိုး ဖြတ်နိုင် သောဝိစိကိစ္ဆာကင်း ပျောက် လေသလောဟု မေး တော်မူ၏။ ကင်း ပျောက်ပါ၏ဘုရား ဟု ဖြေကြား ကြကုန်၏။

ရဟန်းတို့၊ ဤသို့လျှင်အကြောင်းတို့ဝှရုန်းမှုကြောင့် ဖြစ်ပျက်နေသော ဤခန္ဓာကို ငါ၏ဥစ္စာ၊ ငါ၊ ငါ၏အတ္တဟူ၍ စွဲယူခြင်းငှာမထိုက်ပေ။

၁၃။ ဓါတ်ပုံ – ၁၁ – တွင် ဖော်ပြထားသော ဝိဉာဏ်စိတ်များကား၊ ပဝတ္တိအခါ၊ လူတို့တွင်အကြောင်းတရားကိုစွဲ၍လက်ဦးအစတွင်ဖြစ်ပေါ်သော စိတ်များ ဖြစ်ကြသည်။ ထိုစိတ်များတွင်ကိလေသာလုံးဝမပါရှိကြပေ။ ယင်းကို့သည်မြတ်စွာဘုရား အနုသယတရားတော်၌ ဟောတော်မူသော၊ ပက်လက်အိပ်အရွယ်ခလေးသူငယ်စိတ်နှင့်တူသည်။ ကိလေသာဖြစ်ပေါ်မှုမရှိသော်လည်း ၎င်းတို့ကိန်းအောင်း နေသည်ဟု ဆိုတော်မူသောကြောင့်၊ ရှေးဘဝများကကိလေသာနှင့်ယှဉ်သောကုသိုလ် – အကုသိုလ်များ ကိုအဖန်ဖန်အလီလီပြုလုပ်ခဲ့သည်မှာထင်ရှား ပါသည်။ ဤကဲ့သို့ကိလေသာနှင့်ယှဉ်သော – ကံတရား ကို့ကိုပြုလုပ်သောကြောင့်သာလျှင်၊ အရှိန်အဟော်ဟုဆိုအပ်သောအနုသယတရားများ ကိန်း ရပါသည်။ ပစ္စက္ခဘဝတွင်ခန္ဓာအိမ်ဖြစ်ပေါ်ရခြင်းမှာလည်း ခန္ဓာအိမ် ဆောက်လုပ်သူအနုသယတဏှာလက်သမား သည်ကုသိုလ် – အကုသိုလ်ကံကြည်းဟူ သောအလေ့အကျင့်အဘက်ပညာဖြင့်လူ့ဘဝဟုဆိုအပ် သောမိဘနှစ်ပါးမှရရှိသောမျိုးစေ့ပစ္စည်းများဖြင့်၊ မိမိအကြိုက်ခန္ဓာအိမ် ဆောက်လုပ်ထားခြင်း ကြောင့်ဖြစ်သည်။ ဓါတ်ပုံ – ၄၁ မှ ၄၅ – တို့တွင်အကျယ်ပါရှိပါသည်။ ဤမျှနှင့်ခန္ဓာအိမ်သည်မကည့်ဖြနိုင်။ ယင်း တွင်ရူပခန္ဓာနှင့်ဝိဉာဏခန္ဓာနှစ်ပါးသာပါရှိနေသည်။ မြင်လျှင်မြင်ရုံမျှ၊ ကြားလျှင်ကြားရုံမျှ၊ နံ ဝါးထိသိ –

တို့တွင်လည်း ဤအတိုင်း သာဖြစ်၍၊ သံသရာ မလည်နိုင်။ ယင်း တို့ကား ဝိပါက်အကျိုး တရား သက်သက်သာဖြစ်ကြပါသည်။ သံသရာလည်ရန် အတွက်ကိန်း နေသော အနုသယတရားမှ၊ နှစ်သက်မှု မနှစ်သက်မှု ဝေဒနာဖြစ် ပေါ်၍ စေ့ဆော်မှုစေတနာဝင်လာပါသည်။

၁၄။ မြတ်စွာဘုရား ဆက်လက် ဟော တော်မူသည်မှာ၊ ဖြစ်ပြီး သောသတ္တဝါတို့၏ တည်တန့်ခြင်း ငှါ ၎င်း ဖြစ်ဆဲသတ္တဝါတို့ကို ထောက်ပန့်ခြင်း ငှါ၎င်း ၊ အာဟာရတို့သည် လေး ပါး တို့တည်း ။ အဘယ်လေး ပါး တို့နည်း ဟူမူ၊ ကြမ်း တမ်း သည်လည်း ဖြစ် သော၊ နူး ညံ့သည်လည်း ဖြစ် သောအလုံး အခဲပြုအစ်သည့်အစာအဟာရဟူသော ‘ကဗဠီကာရာဟာရ’ နှစ်ခု မြောက်အတွေ့အထိဟူ သော ဖဿဟာရ’ သုံး ခု မြောက် စေ့ဆော်မှုဟူ သော’ မနောသဉ္စေတနာဟာရ’ လေး ခု မြောက်သိမှုဟူ သော ‘ဝိညာဏာဟာရ’ တို့တည်း ။

ရဟန်း တို့၊ ဤအဟာရ လေး ပါး တို့သည်၊ တဏှာဟူ သော အ ကြောင်း ကြောင်းဖြစ်ကုန်၏။ တဏှာသည် ဝေဒနာ ကြောင့်ဖြစ်၏။ ဝေဒနာသည်ဖဿလျှင်ဖြစ် ကြောင်း ရှိ၏။ ဖဿသည်သဠာယတနလျှင်ဖြစ် ကြောင်း ရှိ၏။ သဠာယတနသည်နာမ်ရုပ်လျှင်ဖြစ် ကြောင်း ရှိ၏။ နာမ်ရုပ်သည် ဝိဉာဏ် ကြောင့်ဖြစ်၏။ ဝိဉာဏ်သည်သင်္ခါရလျှင်ဖြစ် ကြောင်း ရှိ၏။ ပြုပြင် မှုသင်္ခါရတို့သည်လည်း အဝိဇ္ဇာအ ကြောင်း ကြောင့်ဖြစ်၏။ ရဟန်း တို့၊ ဤသို့လျှင် – အဝိဇ္ဇာအ ကြောင်း ကြောင့်ပြုစီရင်မှုသင်္ခါရ၊ ပြုစီရင်မှုအကြောင်း ကြောင့်၊ ဝိဉာဏ်၊ ဝိဉာဏ်အကြောင်း ကြောင့်နာမ်ရုပ်၊

နာမ်ရုပ်အကြောင်း ကြောင့်သဠာယတန၊ သဠာယတနအကြောင်း ကြောင့်ဖဿ၊ ဖဿအကြောင်း ကြောင့်ဝေဒနာ၊ ဝေဒနာ အကြောင်း ကြောင့်တဏှာ၊ တဏှာအကြောင်း ကြောင့်ဥပါဒါန်၊ ဥပါဒါန်အကြောင်း ကြောင့်ဘဝ၊ ဘဝအကြောင်း ကြောင့်ဇာတိ၊ ဇာတိအကြောင်း ကြောင့်အိုခြင်း ၊ သေခြင်း ၊ ငိုကြွေးခြင်း ၊ ကိုယ်စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်း တို့သည်ဖြစ်ကုန် ၏။ ဤသို့လျှင်ချမ်းသာမဖက်သောဆင်းရဲခြင်း အစုဖြစ်ပွါးခြင်း သည်ဖြစ်၏။

မသိမှုအဝိဇ္ဇာ၏သာလျှင်တပ်ခြင်း ကင်းသဖြင့်၊ အကြွင်းမဲ့ချုပ်ခြင်း ကြောင့် ပြုစီရင်မှုချုပ်၏။ ပြုစီရင်မှု ချုပ်ခြင်း ကြောင့်ဝိဉာဏ်ချုပ်၏။ ဝိဉာဏ်ချုပ်ခြင်း ကြောင့်နာမ်ရုပ်ချုပ်၏။ နာမ်ရုပ်ချုပ်ခြင်း ကြောင့် သဠါယတနချုပ်၏။ သဠါယတနချုပ်ခြင်း ကြောင့်တွေ့ထိမှုဖဿချုပ်၏။ တွေ့ထိမှုဖဿ ချုပ်ခြင်း ကြောင့် ခံစားခြင်းချုပ်၏။ ခံစားခြင်း ချုပ်သော ကြောင့် တပ်မက်မှုချုပ်၏။ တပ်မက်မှုချုပ်ခြင်း ကြောင့် စွဲလန်းမှုချုပ်၏။ စွဲလန်းမှုချုပ်ခြင်း ကြောင့် ဖြစ်ခြင်းဘဝ ချုပ်၏။ ဖြစ်ခြင်းဘဝချုပ်ခြင်း ကြောင့် အိုခြင်းဇရာ၊ သေခြင်းမရဏ၊ ပူဆွေးခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ချမ်းသာမဖက် သော ဆင်းရဲစု၏ချုပ်ခြင်း သည်ဖြစ်၏။

၁၅။ စက္ခုသောတ၊ . . . ပ . . . မနောအစရှိသော ပသာဒတို့ကား ၊ မိဘဘိုး ဘွား တို့မှသက်ဆင်း လာ သောဘုံဘဝမျိုး စေ့သတ္တိကြောင့်ဖြစ်ရသည်။ သတ္တဝါများ၌ ပါလာ သော ပစ္စည်း မဟုတ်၊ သို့သော် မိမိတို့၏ကံတရား အဆင့်အတန်း သို့လိုက် လျော၍ ကောင်း မကောင်း ဘုံဘဝရှိပသာဒများ ကိုရရှိကြသည်။ ရူပ၊ သဒ္ဒ၊ --ပ-- ဖောဋ္ဌဗ္ဗ၊ ဓမ္မ၊ ဓါတ်တို့ကား ဗဟိဒ္ဓဖြစ်၍ ပဝတ္တိအခါ ပသာဒတို့နှင့်အကြောင်း ပြုသဖြင့်၊ အကျိုး ဝိဥာဏ်များ ဖြစ်ပေါ် ၍၊ နိမိတ်သဏ္ဍာန်များ ထင်လာသည်။ သိပ္ပံပညာအရမည်ကဲ့ သို့ နိမိတ်သဏ္ဍာန်ထင်လာသည်ကို ဝါပိုဒ် ( ၂၀ ) တွင်ပါရှိပါသည်။ လူတို့ တွင် မွေး ခါစ ကလေး များ နှင့်ပဝတ္တိဖြစ် ခါစ ဝိဥာဏ်တို့၌ကိလေ သာတရား မယှဉ်သဖြင့်ဖြစ် ပေါ်ပြီး ၊ ချုပ် ပျောက် သောပရမတ္ထ တရား စစ်ဂစ်ဖြစ်ကြသည်။ မည်သည့်တရား ကိုမျှဖြစ် ပေါ်ခြင်း ငှါမစွမ်း နိုင် သော ကြောင့်အနတ္တဖြစ်၏။ သံသရာ မကျင်လည် နိုင် ပေ။ အဘယ် ကြောင့်သတ္တဝါများ သံသရာကျင်လည်ရသနည်း ဟူမူ ..........

လူတို့မှာငယ်စဉ်ကပင်၊ မိဘနှင့်နီး ရာ ဆွေမျိုး ၊ အသိမိတ် ဆွေဆရာသမား များ ကသင်ကြား ပြသဖြင့်၊ ယင်းနိမိတ် သဏ္ဍာန်အမျိုး မျိုး တို့သို့မ နော ဓါတ်ကိုင်း ညွှတ်၍၊ နာမည်နှင့်တကွ မှတ်သား ထား ရှိပြီး ၊ မိမိကိုယ်သန္တာန်၌အာရုံအဖြစ်ကိန်း အောင်း ၍ ရှိ လေသည်။ ၎င်းကဲ့သို့ထင်မြင်ကိန်း အောင်း ရာ၌အနုသယကိလေ သာအကြောင်း ခံ၍၊ သက္ကာယဒိဋ္ဌိစသည်တို့ထင်ရှား ဖြစ် ပေါ် လာ

ပါသည်။ ဤကား ဝိညာဉ်ပစ္စယာ နာမရူပံ ပဋိစ္စသမုပ္ပါဒ်ဆက်ရ
ခြင်း ဖြစ်၏။ ယင်း အာရုံများ သည်သမုတိသစ္စာ ပညတ်အာရုံများ
ဖြစ်၍ကိန်း နေသောအနုသယအရှိန် ကြောင့်သံသရာနယ်ချဲ့လာ
ရကား ၊ ကြည်လင်လာ၍ ရူပါယတန ၊ သဒ္ဒါယတန -- စသည်ဖြင့်၊
လောကီတရား ထင်ရှား ဖြစ် ပေါ်လာ၏။ ပသာဒတို့သည်သည်း
ထို့အတူသံသရာနယ်ချဲ့၍ ၊ လောကီစိတ်တို့အဖန်ဖန်ဖြစ် ပေါ်ရခြင်း
ကြောင့်၊ စက္ခာယတန ၊ သောတာယတန - စသည်ဖြင့်ကြည်လင်လာ
ကြကုန်၏။ အနုသယအရှိန် ကြောင့်အနတ္တသဘောမှအတ္တသဘောသို့
ရောက်ရှိလာ၍ ၊ ပသာဒအကြည်နှင့်အာရုံအကြည်တို့ ပေါင်းဆုံမိသဖြင့်
လောကီအသိတရား ဖြစ် သော မနောသမ္ဘာ၊ မနောဝိညာဉ်တို့
ဖြစ် ပေါ်လိုရ လေသည်။ ဤ ပသာဒအကြည်နှင့်အာရုံအကြည်တို့ တွေ့ထိခြင်း
ကိုဖဿဟု ခေါ်ပါသည်။ ယခင်ပသာဒ ဓါတ်နှင့်ဗဟိဒ္ဓ ဓါတ်တို့ကိုးအချင်း
ချင်း ရောနှော၍ပဋိစ္စအကြောင်း ပြုကြပါသည်။ လောကီဝိညာဉ်
အသိဖြစ်ပြီးနောက် ကောင်း - မကောင်း ဝေဒနာ တို့ကိုခံစား၍ ၊
ဘဝဖြစ် ပေါ်လာသည်။ ဘဝ ကြောင့်စွဲလမ်းမှုဥပါဒါန် ၊ ဥပါဒါန်
ကြောင့် စေ့ဆော်မှုစေတနာ ၊ သင်္ခါရခန္ဓာဖြစ် ပေါ်ပြီးသံသရာ
ဝက်ရဟက်ပဋိစ္စသမုပ္ပါဒ်လှည့်ရပြန် လေသည်။ အနုသယတရား တို့ကို
အဝိဇ္ဇာဘဝနှင့်သင်္ခါရတို့၏အကြောင်း ခံ ပုဂ္ဂိုလ်သတ္တဝါဟု မှတ်ယူပါ။
စေတသိက်တို့ကား လောကီတရား ဖြစ်၍ ၊ အနုသယဝင် ရောက်လာ
သည့်သမုတိသစ္စာပိုင်း ဘဝသိစိတ်တို့နှင့်ယှဉ်နိုင်ပါသည်။ ပဋိစ္စ
သမုပ္ပါဒ် မှထွက် မြောက်ရန်အတွက်ဣန္ဒြိယသံဝရသီလကိုအမြဲ စောင့်ထိန်း
၍ နိမိတ်သဏ္ဌာန်များ၌ စွဲလန်းနေသည့်အနုသယတရားများကိုပါယ်
သက်ရပါမည်။

x x x x x x x x

## ၁၆။ "နိဗ္ဗာန် ရောက်ကြောင်း တရား"

နာညတြ ဗေါဇ္ဈာတပသာ၊
နာညတြိန္ဒြိယသံဝရာ၊
နာညတြသဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံပဿာ မိပါဏိနံ။

ဗေါဇ္ဈာတပသာ၊ ဗေါဇ္ဈင်ခုနစ်ပါး အကျင့်တရားကို၊ အညတြ၊ ကြဉ်ထား၍၊ သဗ္ဗပါဏိနံ၊ ခပ်သိမ်း ဥဿုံအလုံးစုံ သော်သတ္တဝါ အပေါင်းတို့၏ သောတ္ထိံ ဘေး ရန်မသင့်ချမ်း သာခွင့်ကို၊ အဟံ၊ ငါဘုရား သည် နပဿာမိ၊ မမြင် တော်မမူ။

ဣန္ဒြိယသံဝရာ၊ ဣန္ဒြေ ခြောက်ပါး စောင့်စည်း မှုတရား ကို၊ အညတြ၊ ကြဉ်ထား၍၊ သဗ္ဗပါဏိနံ၊ ခပ်သိမ်း ဥဿုံအလုံး စုံ သော သတ္တဝါအပေါင်း တို့၏ သောတ္ထိံ၊ ဘေး ရန်မသင့်ချမ်း သာခွင့်ကို၊ အဟံ၊ ငါဘုရား သည်၊ နပဿာမိ၊ မမြင် တော်မမူ။

သဗ္ဗနိဿဂ္ဂါ၊ ခပ်သိမ်း သော်ဥပဓိတို့မှကင်း လွတ်ရာ နိဗ္ဗာန်တရား ကို၊ အညတြ၊ ကြဉ်ထား၍၊ သဗ္ဗပါဏိနံ၊ ခပ်သိမ်း ဥဿုံအလုံး စုံ သော်သတ္တဝါအပေါင်း တို့၏ သောတ္ထိံ၊ ဘေး ရန်မသင့် ချမ်း သာခွင့်ကို၊ အဟံ၊ ငါဘုရား သည်၊ နပဿာမိ၊ မမြင်တော်မမူ။

ဆိုလိုရင်း မှာ ဗေါဇ္ဈင်ခုနစ်ပါး တရား ကိုလည်း မပွါး များ၊ ဣန္ဒြိယသံဝရသီလကိုလည်း မစောင့်ထိန်း၊ နိဗ္ဗာန်တရား ကို လည်း မသိ သောသူအား၊ သံသရာမှ မကျွတ်လွတ်နိုင်ပါ။

၁၇။ ခုနှစ်ပါး ကုန် သော ဗောဇ္ဈင်တရား တို့ကိုပြတ်စွာ ဘုရား သခင်သည်၊ အရှင်ကဿပမ ထေရ်အား ဟောကြား တော်မူသည် မှာ .....

သတ္တ ိမေကဿပ ဗောဇ္ဈင်္ဂါ မယာသမ္မာ ဒေသိတာ၊ ဘာဝိ တော ဗဟုလီက တော၊ အဘိညာ ယ၊ သ မ္ဗော ဓါယ၊ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ကတ မေသတ္တ၊

( ၁ ) သတိသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ မယာသမ္မာ ဒေသိ တော၊ ဘာ ဝိ တော ဗဟုလီက တော၊ အဘိညာ ယ သ မ္ဗော ဓါယနိဗ္ဗာနာယ သံဝတ္တတိ။

( ၂ ) ဓမ္မဝိစယ သ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗ္ဗာနာယသ ဝတ္တတိ။

( ၃ ) ဝီရိယသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗ္ဗါနာယသံ ဝတ္တတိ။

( ၄ ) ပီတိသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗ္ဗါနာယသံ ဝတ္တတိ။

( ၅ ) ပဿဒ္ဓိသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗ္ဗါနာယသံ ဝတ္တတိ။

( ၆ ) သမာဓိသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗ္ဗါနာယသံ ဝတ္တတိ။

( ၇ ) ဥပေက္ခာသ မ္ဗော ဇ္ဈ င်္ဂေါ ခေါကဿပ၊ နိဗါနာယသံ ဝတ္တတိ။

ဣမေ ခေါကဿပသတ္တ ဗောဇ္ဈင်္ဂါမယာသမ္မာ ဒေသိတာဘာဝိတော ဗဟုလီကတာအဘိညာယသ မ္ဗော ဓါယနိဗ္ဗာနာယ သံဝတ္တန္တိ။

၁၈။ ဘာသာပြန်။

ကဿပ၊ ခုနှစ်ပါး ကုန် သော နိဗ္ဗာန် ရောက် ကြောင်း အကျင့်တရား တို့ကို ငါဘုရား သည် ကောင်း စွာဟော တော်မူအပ် ပေပြီ။ ပွါး များသော သူအား အလိုလိုအဖန်ဖန် လေ့လာ ပွါး များ သော်သူအား ၊

ထူးသောဉာဏ်ကိုရခြင်း ၄ာ၊ သစ္စာ လေးပါး ကိုသိမြင်ခြင်း ၄ါ၊ နိဗ္ဗါန်သို့ ရောက်ခြင်း ၄ါဖြစ်၏။ အဘယ်ခုနှစ်ပါး ဟူမူကား .........

(၁) သတိဟူသော နိဗ္ဗာန် ရောက် ကြောင်း အကျင့်တရား ကို ငါဘုရား သည် ကောင်း စွာ ဟော တော်မူအပ် ပေပြီ။ ပွါး များ သောသူအား အလီလီအဖန်ဖန် လေ့လာပွါး များသောသူအား ထူး သောဉာဏ်ကိုရခြင်း ၄ါ၊ သစ္စာ လေး ပါး ကိုသိမြင်ခြင်း ၄ာ၊ နိဗ္ဗာန် ရောက် ကြောင်း ၄ာဖြစ်၏။

(၂) ဓမ္မဝိစယဟူသော ပညာ။

(၃) အား ထုတ်ခြင်း ဝီရိယ။

(၄) နှစ်သက်ခြင်း ပီတိ။

(၅) ငြိမ်း အေး ခြင်း ပဿဒ္ဓိ။

(၆) တည်ကြည်ခြင်း သမာဓိ။

(၇) လစ်လျူရှုခြင်း ဥပေက္ခာဟူသော နိဗ္ဗာန် ရောက် ကြောင်း တရား တို့ကိုငါဘုရား သည် ကောင်း စွာ ဟော တော်မူအပ် ပေပြီ။ ပွား များ သောသူအား အလီလီအဖန်ဖန် လေ့လာပွါး များ သော သူအား ထူး သောဉာဏ်ကိုရရှိခြင်း ၄ာ၊ သစ္စာ လေး ပါး ကိုသိမြင် ခြင်း ၄ာ၊ နိဗ္ဗာန် ရောက်ခြင်း ၄ာဖြစ်၏။

ကဿပဤသို့အပ်ခဲ့ပြီး သော ခုနှစ်ပါး ကုန် သော နိဗ္ဗာန် ရောက် ကြောင်း အကျင့်တရား တို့ကိုငါဘုရား ကောင်း စွာ ဟော တော်မူအပ် ပေပြီ။ ပွား များ သောသူအား အကြိမ်ကြိမ်အဖန်ဖန် ပွါး များသောသူအား ၊ ထူး သောဉာဏ်ကိုရရှိခြင်း ၄ာ၊ သစ္စာ လေး ပါး ကိုသိခြင်း ၄ာ၊ နိဗ္ဗာန် ရောက်ခြင်း ၄ာ၊ ဖြစ် ပေသည်။

အထက်ဖော်ပြပါ၊ သတိပညာဝိရိယစသော ခုနှစ်ပါးသောတရားတို့ကိုပွါးများရင့်သန်ရန်အတွက်၊ တရားအားထုတ်ရာ၌လမ်းကြောင်း နှစ်ကြောင်း ရှိပါသည်။ ၄င်းတို့မှာ - သမထနှင့်ဝိပဿနာဖြစ်၏။ သမထကား နိမိတ်အာရုံများကို ရှုပွါး ရသောကြောင့် နိဗ္ဗာန်မရောက်နိုင်ပါ။ လောကီသမါပတ်ရှစ်ပါး နှင့်အဘိဉာဉ်တို့ကိုကား ရနိုင်ပါ၏။ ထိုသို့အားထုတ်၍ရရှိသော သတိပညာဝိရိယစသည်တို့ကား ဗောဇ္ဈင်တရားမဟုတ်ပေ။ ဝိပဿနာတရားအားထုတ်ခြင်းကား ထင်ရှားရှိသော ကောဘုံမကသင်္ခါရတရားတို့၏ဖြစ်ပျက်ခြင်းအကြောင်းအကျိုးတို့ကို ပညာဖြင့်ရှုနေခြင်းကြောင့်၊ ခဏိကသမာဓိရင့်သန်ရကား မဂ်ဝင်ဖိုလ်ဝင်သစ္စာတရား ထင်မြင်လာပါသည်။ ၄င်းကိုနှင့် သက်ဆိုင်သောသတိပညာဝိရိယစသောခုနှစ်ပါးသောတရားတို့သည်၊ ဗောဇ္ဈင်မည်ထိုက်ပါသည်။ သမထအားထုတ်၍ရရှိသော လောကီသုခချမ်းသာကား အခွံနှင့်အကာသားကိုဝါးရသည်နှင့်တူပါသည်။ ဝိပဿနာပညာဖြင့်ရရှိသောဝိမုတ္တိချမ်းသာကား အသီးအနှစ်ကိုစားရသည်နှင့်တူပါသည်။ ဝိပဿနာပညာဖြင့်ရရှိသော ဝိမုတ္တိချမ်းသာကား လောက၌အတုမရှိအမြတ်ဆုံးသောချမ်းသာတရားဖြစ်သည့်အပြင်၊ မိမိတို့၏ပါရမီအလျောက်သမာပတ်ရှစ်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိဉာဉ်ခြောက်ပါးတို့ကိုလည်း ရနိုင်ပါသည်။ သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာအားထုတ်၍၊

သမာဓိပြည့်စုံပါမှ ဝိပဿနာအား ထုတ်သင့်သည်ဟုအချို့က ပြောကြ ပါသည်။ သို့သော်၎င်းတို့အား ထုတ်နေရင်း အနိစ္စ ရောက်သွား ပါက၊ မြတ်စွာဘုရား သာသနာ တော်နှင့်ကြုံကြိုက် ပါလျက် အရှုံးကြီး ရှုံး ရပါတော့သည်။ ဝိပဿနာအား ထုတ်ရင်း သေဆုံး ပါကလည်း ၎င်း တရား တော်ကိုအလိုလိုအဖန်ဖန် ပွါး များ ခဲ့ရသည့်အတွက်၊ အထုံပါရမီကြီး မား ရကား သာသနာတွင်း ကား သည့်နတ်ပြည် ပြဟ္မာပြည်တို့တွင် ပဋိသန္ဓေ နေရမည်ဖြစ်၍၊ အကျွတ်တရားရပြီး နိဗ္ဗာန်ဝင်နိုင်ပါသည်။ ဘုရား သာသနာအတွင်း ဝိပဿနာ တရား အား ထုတ်ခြင်း သည် အမြတ်ဆုံး သော လောကုတ္တရာ ကုသိုလ်ဖြစ်ပါသည်။ အချို့ သော ဝေနေယျပုဂ္ဂိုလ်တို့မှာ ရှေးဘဝ များ က၊ သမထတရား အထူး အား ထုတ်လာ၍ အထုံပါရမီပါရှိ သဖြင့်၊ ဝိပဿနာတရား အား မထုတ်မီ သမထတရား မှ ဝင် ရပါသည်။

၁၉။ ဣန္ဒြိယသံဝရသီလကိုမြတ်စွာဘုရား ဟော တော်မူသည် မှာ –

စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံအသံဝုတံ ဝိဟာရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

သောတေန သဒ္ဒံ သုတွာ --- ပလ ---

သောတိန္ဒြိယ မေကံ သံဝရံ အာပဇ္ဇတိ။

ဃာနေန ဂန္ဓံ ဃာယိတွာ၊ --- ပလ ---

ဃာနိန္ဒြိယ မေကံ သံဝရံ အာပဇ္ဇတိ။

ဇိဝှါယ ရသံ သာယိတွာ --- ပလ ---

ဇိဝှိန္ဒြိယ မေကံ သံဝရံ အာပဇ္ဇတိ။

ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ -- ပလ ---

ကာယိန္ဒြိယ မေကံ သံဝရံ အာပဇ္ဇတိ။

မနသာ ဓမ္မံ ဝိညာယ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏ မေကံ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ ရက္ခတိ မနိန္ဒြိယံ၊ မနိန္ဒြိယ မေကံ သံဝရံ အာပဇ္ဇတိ။

## အနက်အဓိပ္ပါယ်။

စက္ခုနာ၊ မျက်စိဖြင့်၊ ရူပံ၊ အဆင်းကို၊ ဒိသွာ၊ မြင်သည် ရှိသော်၊ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ ပုံသဏ္ဌာန် နိမိတ်ကို မစွဲယူဘဲကျင့် သည် ဖြစ်၏။ နာနုဗျဉ္ဇနဂ္ဂါဟီ၊ လက်ဟန် ခြေဟန်ကိုယ်အမူအရာတို့ကိုလည်း မစွဲယူဘဲ ကျင့်လေ့ရှိသည်ဖြစ်၏။ ယတွာဓိကရဏ မေကံ၊ အကြင် အကြောင်း ကြောင့်၊ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ၊ စက္ခုန္ဒြေကို

မစောင့်စည်း သောရဟန်းကို၊ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ၊ အလိုကြီး ခြင်း နှလုံး မသာယာခြင်း ဟုဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရား ကို့သည်၊ အန္ဝာဿဝေယျုံ၊ အစဉ်လိုက်ကုန်ရာ၏။ တဿ သံဝရာယ ပဋိပဇ္ဇတိ ရက္ခတိ စက္ခုန္ဒြိယံ၊ ထိုကြောင့်ရဟန်းသည် စက္ခုန္ဒြေကို ကောင်းစွာ စောင့်စည်း ရာ၏။ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ၊ ဤသို့ကျင့်သောအားဖြင့် စက္ခုန္ဒြေကို စောင့်စည်းခြင်းသို့ ရောက်၏။

နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ ကိုယ်နှင့်အတွေ့တို့၌လည်း အထက်ပါမျက်စိအာရုံကို စောင့်ရှောက်သကဲ့ သို့ကျင့်ပါ။

စိတ်ဖြင့်ဓမ္မာရုံကိုသိသော်၊ အရိပ်နိမိတ်ကို မစွဲယူဘဲကျင့် သည်ဖြစ်၏။ ပွက်သားမှုလက္ခဏာများ ကိုလည်း မစွဲယူသည်ဖြစ်၏။အကြင် အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်း သောရဟန်း ကိုအလို ကြီးခြင်း၊ နှလုံး မသာယာခြင်း ဟုဆိုအပ်ကုန်သော ယုတ်ညံ့ သော အကုသိုလ်တရား ကို့သည် အစဉ်လိုက်ကုန်ရာ၏။ ထိုကြောင့် ရဟန်း သည် မနိန္ဒြေကို ကောင်းစွာ စောင့်ရှောက်ရာ၏။ တားဆီးရာ၏။ ဤသို့ကျင့်သောအားဖြင့်၊ မနိန္ဒြေကို စောင့်စည်း ခြင်း သို့ ရောက် ၏။

ရူပါရုံဖြစ်ပေါ်၍ တင်လေ့ရှိသော မျက်စိအသိစိတ် ဝိညာဏ် ကို;

၂၀။ မျက်စိနှင့်အကြောင်း ပြုသည်ကား ရူပါရုံမဟုတ်၊ မြင်ကို မဏ္ဍနိမိတ်သာကည်း ။ အမည်နှင့်ဘက္ကအသေး ဝိပ်မသိ ချေ။ ကံ –

ကမ္မနိမိတ်တို့ကား မိမိသန္တာန်၌ စွဲဝင်နေသောအတိတ်ကပြုခဲ့သော ကံနှင့်နာမည်နှင့်တကွအသေးစိပ်မှတ်သားထားသော ပုံသဏ္ဌာန်အာရုံတရားများ ဖြစ်သည်။ ထို့ကြောင့် ပစ္စုပ္ပန်မြင်ကာ ကမ္မနိမိတ်ကိုသိရှိရန်အတွက် မနောဓါတ်က ရှေးကံ ကမ္မနိမိတ်အာရုံများကိုအကြိမ်ကြိမ် ပေါ်ထွက်၍ နှိုင်းယှဉ်ရပါသည်။ ကိုက်ဆိုင်၍ သိရှိလာသောအခါပစ္စုပ္ပန်နိမိတ်၏သာယာခြင်း ၊ မသာယာခြင်း သို့လိုက်လျော၍ လောဘစိတ် ဒေါသစိတ် မောဟစိတ်များ ဖြစ်ပေါ်ပြီး ၊ ပဋိစ္စသမုပ္ပါဒ် တရားလည်း ရလေသည်။ သို့နှင့်သံသရာမြဲတဝေခြင်း၌၊ မိမိကိုမြင်သောအဆင်း နိမိတ်များကိုထင်ရှား သိရှိရန် မနောဓါတ်က မပြုလုပ်ရန်နှင့် မစွဲယူရန်အတွက်၊ သတိဖြင့် စောင့်ရှောက်တားဆီး ရပါသည်။

သိပ္ပံပညာအရလူတို့မျက်စိနှင့်အကြောင်း ပြုသောရူပဓါတ်ကား အလင်း ရောင်ဖြစ်သည်။ တစက္ကန့်တွင်၎င်း ၏အမြန်နှုန်းမှာ ၁၈၆၀၀၀ မိုင်ရှိ၍ဖြစ်ပျက်နှုန်း ( frequency ) မှာ - ကုဋေ ၄၀၀၀၀ မှ ၈၀၀၀၀ အထိရှိ၏။ အလင်းရောင်ကို သည် -ve လျှပ်စစ်သဘောရှိ၍ +ve သဘောရှိသောမျက်စိအိမ်ကွင်း ရှိ retina cells များ နှင့်တွေ့ဆုံသောအခါလျှပ်စစ်ဓါတ်အား impulses - ဖြစ်ပေါ်၍ ၊ အာရုံကြောသုံးဆင့် လျှောက်သွားပြီး ၊ ဦးနှောက်၏နောက်ပိုင်း(visual cortex ) သို့ရောက်သွားသည်။ ဖြစ်ပျက်နေသောလျှပ်စစ်အား( impulses )

သို့လိုက် လျော၍အ ရောင်အဆင်း ထင်သည်။ ဝင်စစ်အား ဖြင့် အရောင်အဆင်း ဟူသည်မရှိ၊ ဖြစ်ပျက်ခြင်း အှုန်း မျှား သာရှိသည်။ သဏ္ဌာန်တို့ကား ထင်ရှား မရှိ၊ အကြောင်း တရား ပေါင်း ဆုံ၍ဖြစ် ပေါ်လာ သော အရိပ်အ ရောင်များ သာဖြစ်သည်။

နား နှင့်အ ကြောင်း ပြု သော သဒ္ဒ ဓါတ်ကား ရူပဓါတ် ကဲ့သို့ ပင်ဖြစ် ပျက် နေ သော အင်အား ဂုဖြစ်၍ ၄င်း၏(frequency ) မှာ တစက္ကန့်လျှင် ၂၀ မှ ၂၀၀၀၀ အထိရှိသည်။ အမြန်နှုန်း မှာ ၁၁၀၀ ပေ စက္ကန့်ဖြစ်၏။ ရူပဓါတ်နှင့်နှိုင်း ယှဉ်လျှင် အလွန်နှေး ပေသည်။ ၄င်း အင်အား သည် လေကိုလှိုင်း ဖြစ်စေ၍၊ လှိုင်း အဆင့်ဆင့် ရွေ့ လျောသဖြင့်နား တွင်း သို့ ရောက်ရှိလာ၏။ နား တွင်း၌ cochlea ခေါ် ခရုပက်ပြွန်ငယ်သုံး ခုရှိ၏။ ထိုပြွန် များ တွင်အရည်ဖြင့်ပြည့် နေပြီး အလယ်ပြွန်၌မွှေး မျှင်ငယ်များ ရှိ၏။ အင်အား စု ရောက်ရှိသည့်အခါ အရည်ကုန် ခါမှုကြောင့်အ မွှေး မျှင်များ လှုပ်ရှား ရသည်။ အ မွှေး မျှင် အရင်း ရှိအာရုံ ကြောတို့တွင်ကုန် ခါအား ကြောင့်၊ လှုပ်စစ်ဖြစ် ပေါ်ပြီး ( impulses )ကိုသည်၊ ဦး နှောက်ရှိ အသံ နှင့် သက်ဆိုင်ရာဌာနများ သို့ ရောက်သွား ကြရ လေသည်။ ကုန်ခါ သော အင်အား ကား ထင်ရှား ရှိ၏။ ၄င်း နှင့် သောတပသာဒ ဟု သော အာရုံ ကြော များအ ကြောင်း ပြု သော ကြောင့်၊ အသံဖြစ် ပေါ်လာ ရ ပေသည်။ အသံကား အကျိုး တရား နိမိတ်မျှသာ တည်း ။

နှာခေါင်းနှင့်အကြောင်းပြုသောအနံ့ဓါတ်လည်း ဖြစ်ပျက်နေသောအင်အား ပင်ဖြစ်သည်။ ဓါတ်ငွေ့တို့သည်နှာခေါင်း ရင်းသို့ရောက်သည့်အခါအတွင်း ဘက်အရေပြား ရှိအာရုံပါက်ငယ်များ မှတိုးဝင်၍ ( Oefactory bulb )သို့ ( impulses )များသည်ဆိုင်ရာ ( pre piriform cortex )သို့ ရောက်သွား၍၊ နံခြင်းဃာနဝိဉာဏ်ကိုဖြစ်စေသည်။

လျှာနှင့်အရသာဓါတ်တို့လည်း ဖြစ်ပျက်နေသောလျှပ်စစ်အင်အား ပင်ဖြစ်သည်။ လျှာပေါ်၌အဖုငယ်အမြောက်အများရှိ၏။ ၎င်းအပေါ်သို့အစာရေစာများ ကျရောက်သည့်အခါ၊ အဖုငယ်အရင်း ရှိအာရုံကြောများ သို့ရောက်ရှိ၍၊ လျှပ်စစ်ဓါတ်အား ဖြစ်ပေါ်ပြီး ဦးနှောက်ရှိသက်ဆိုင်ရာဌာန ( post central gyrus )သို့ရောက်ရှိလေသည်။ အကျိုး တရား ဖြစ်သော ချဉ်ဖန်ခါး စပ်-ငန်သည်တို့သည်ဘဝတူလူမျိုး ချင်း၌ပင်လျှင် ကွဲပြားကြလေသည်။ မိမိတို့၏ဓလေ့အကျင့်ပေါ်မှ၍ဖြစ်ကြသည်။ ကြောင်တိရစ္ဆာန်တို့ကား အချိုဓါတ်ကိုမသိကြ။

ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗဓါတ်တို့ကိုအကြောင်းပြု၍ကာယဝိဉာဏ်စိတ်ဖြစ်ရသည်။ ခန္ဓာကိုယ်အရေပြား အောက်၌သာမန်အတွေ့ဖိအား အပူ၊ အအေး၊ နာကြင်ခြင်း၊ လှုပ်ရှားခြင်း၊ လေအတင်း အလျော့နှင့်လက်ခြေဝသောအစိပ်အပိုင်း အနေအထားတို့ကိုသိရှိရန်အာရုံကြောတို့ဖြင့်ဖွဲ့စည်း ထား သောကိရိယာများရှိကြ၏။ ပထဝီ တေဇော ဝါယောအာပေါ်တို့ကား ဗဟိဒ္ဓဖောဋ္ဌဗ္ဗ အကြောင်း တရား ဖြစ်၏။ ၎င်းတို့ကိုသိနိုင်ပါက၊ ပရမတ်တရားကို

ပါ၏။ ယခုသာမန်လူတို့သိနေသော မာသဘော ပူသဘော တွန်း သဘောကိုကား ကာယဝိညာဏ်အသိတရားဖြစ်၏။ ပသာဒနှင့် ဗဟိဒ္ဓဓါတ်ကိုအကြောင်းပြုသဖြင့်၊ ကာယဝိညာဏ်မာသဘော ပူသဘော သိသည်များ ဖြစ်ရပါသည်။ ဗဟိဒ္ဓဓါတ်ပထဝီ တေဇော အာပေါ ဝါယော လေးပါးကိုအကြောင်း အကျိုး သိသော ဉာဏ်ဖြင့် ထောက်ဆ၍ သိရမည်ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့်၊ ယခုလူတို့သိနေသော ငါးပါး သော ဝိညာဏ်အသိသည် ရူပသဒ္ဒဂန္ဓ ဂ သော ပရမတ်တရား မဟုတ်၊ ပညတ်တရားများ သာဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် — ဗဟိဒ္ဓဓါတ်တရားနှင့် ပသာဒကိုအကြောင်းပြုရာ၌ လူ့ဘဝမျိုးစေ့၊ အနုသယနှင့် ကံတရားတို့ဝင်နေသည်။ လူ့ဘဝအမြင်နှင့် တိရစ္ဆာန် ခွေး ကြောင်ကိုအမြင်မတူ၊ ခွေး ကြောင်တို့ကား အမဲနှင့် အဖြူသာ မြင်ကြသည်။ အလင်း ရောင် ဖေါက်ပြန်မှုကိုနဂိုအတိုင်း မသိရဘဲ၊ အဖြူ-အနီ ဝသည်ဖြင့်ထင်ရခြင်းသည်၊ လူ့ဘဝအဆက်ဆက်က ဤကဲ့သို့ ထင်ရသောမျိုး စေ့ကြောင့်ဖြစ်၏။

## ဗါဟိယမထေရ်အား မြတ်စွာဘုရားဟောတော်မူသော တရားတော်

တသ္မာ တိဟ တေ ဗါဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတ မတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတီတိ၊ ဧဝဉ္ဟိ တေ ဗါဟိယ သိက္ခိတဗ္ဗံ။

တတော တွံ ဗါဟိယ နေဝိ နေဟုရံ နဥဘယမန္တရေန၊
ဧသေဝန္တော ဒုက္ခဿ။

ဗါဟိယ – ချစ်သား ဗာဟိယ၊ ယသ္မာကိ ဟ တေ၊ ငါ့အား သင်တရား ဟောရန် တောင်း ပန်အပ်သည်ဖြစ်၍သင်သည်၊ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ကျင့်ရမည် ဒိဋ္ဌေ၊ မြင်သည်၌ သော်၊ ဒိဋ္ဌမတ္တံဘဝိဿတိ၊ မြင်ရုံမျှဖြစ်လတ္တံ့၊ သုတေ၊ ကြားသည်၌ သော်၊ သုတမတ္တံဘဝိဿတိ၊ ကြား ရုံမျှဖြစ်လတ္တံ့၊ မုတေမုတမတ္တံ ဘဝိဿတိ၊ နံသည်စား သည်ထိသည် ၌ သော်၊ နံရုံမျှစား ရုံမျှထိရုံမျှသိသည်ဖြစ်လတ္တံ့၊ ဝိညာတေ၊ ကြံသည် ၌ သော်၊ ဝိညာတမတ္တံ ဘဝိဿတိ၊ ကြံရုံမျှသိသည်ဖြစ်လတ္တံ့ ဟူ၍၊ ဧဝဉ္စ၊ ဤသို့လျှင်၊ တေ၊ သင်သည်၊ သိက္ခိတဗ္ဗံ၊ ကျင့်ရမည်။

တတော၊ ထိုသို့ကျင့်သည်၌ သော်၊ တွံ၊ သင်သည်၊ နေဝိဓ၊ ဤ လောက၌လည်း မရှိ တော့ပြီ၊ နဟုရံ၊ တပါး သော လောက၌လည်း မရှိ တော့ပြီ။ နဥဘယမန္တရေနံ၊ ဤ လောကတပါး သော လောကဟူ၍ နှစ်ပါး သော လောကကြား ၌လည်း မရှိ တော့ပြီ၊ ဧသေဝ၊ ဤသဘော တရား သည်ပင်လျှင်၊ ဒုက္ခဿ၊ သံသရာဝဋ်ဆင်း ရဲ၏၊ အန္တော၊အဆုံး ဟုဆိုအပ် သော နိဗ္ဗာန်တရား ပင်တည်း ။

ဗာဟိယမထေရ်အလောင်း တော်ကား ၊ ကဿပမြတ်စွာဘုရား သာသနာ တော် နောက်ပိုင်း ဘွင်ဘခြား မမွှမိက် သွေ ခြောက်ပါး နှင့်အတူ၊ တောင်ကလပ်တခု ပေါ်သို့ဝါး ရိဟ္မာ များကင် ဆောင်လျက် မိမိတို့တက်လာ သော လှေကား များ ကိုဖြုတ်ချပြီး သေသည်အထိတရား

အားထုတ်ကြရာ၊ တပါး ရဟန္တာဖြစ်၍ နောက်တပါး အနာဂါမ် ကျွန်ငါးပါး ကား တရား မရကြ၍ သေဆုံးကြရလေသည်။ ထိုသေဆုံးသောငါးပါး တွင်အရှင်ဗါဟိယအလောင်း အပါအဝင်ဖြစ်လေသည်။ သို့ဖြစ်၍အရှင်ဗါဟိယကား ပါရမီရင့်သန်ပြီး ဣန္ဒြိယသံဝရသီလ စောင့်ထိန်းခဲ့သူဖြစ်ပါသည်။ စက္ခုပသာဒနှင့် ရူပဂေါက်တို့အကြောင်းပြုသည်ရှိသော်၊ အမဲ-အဖြူ-အနီ-အဝါ-စသည်တို့ထင်သောကြောင့် ပုံသဏ္ဌာန်ဖြစ်လာ၏။ ဤကား လူ့ဘဝဖြစ်စဉ်နှင့် အနုသယ ကံတရားတို့ကြောင့်ဖြစ်၏။ ဤဘဝငယ်စဉ်ခါမှစ၍၊ ယနေ့အထိ ပြုလုပ်မှုကံနှင့်ကမ္မနိမိတ်တို့ကား သညာ၏သတ္တိဖြင့်မိမိတို့သန္တာန်၌ အာရုံအဖြစ်ကိန်းအောင်း နေ၍ပသာဒ ခြောက်ပါး နှင့်ဗဟိဒ္ဓဂါက် ခြောက်ပါး တို့အကြောင်းပြုကိုင်း သင့်တော်သလိုဝင် ရောက်ကြလေ၏။ ။ ဥပမာဆိုသော် - မိမိအသိမိတ်ဆွေတဦး ရောက်ရှိ၍ မမှတ်မိပါက၊ ၎င်း မိတ်ဆွေက ရှေး မိမိနှင့်အတူ နေခဲ့သောမြို့-ရွာနှင့်ကိစ္စအတူလုပ်ကိုင်ခဲ့သည်များ ကိုထုတ်ဖော် ပြောပြပါက၊ မိမိ သန္တာန်၌ကိန်း နေသောထိုအာရုံများ ပေါ်ပေါက်လာ၍သတိရပြီး ၊ အသိရောက်လာလေသည်။ ထိုကြောင့်သံသရာပြတ် စေလိုသောသူကို သည်၊ အနုဗျဉ္ဇနဟုဆိုအပ်သော အသေး စိပ်လက်ဟန်ကိုယ်ဟန် အပြုအမူကိုကိုလက်ဦး ပယ်စွန့်၍ နောက်မှ ဤဘဝအကျိုး များကို အကျိုးအကြောင်းသိသောမဂ်ဉာဏ်ဖြင့်အဆုံး တိုင်ပယ်သတ်ရာ သည်။

ထိုကြောင့်မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကား သမုဒယသစ္စာအနုသယကိလေသာကိုထင်ရှားစွာပြုလုပ်၍အဆုံးတိုင် ပါယ်သက်ခြင်း ငါ်အား ထုတ်ရခြင်းဖြစ်သည်။ သင်သည်၍ လောကန္တလည်း မရှိ၊ ဘပါး သော လောကန္တလည်း မရှိပြီဟု သောအဓိပ္ပါယ်ကား သင်၍ကဲ့သို့ကျင့်သည့်ရှိသော် ဝဲလန်းခြင်း သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ကိုပြုတ်၍၊ ဝိမုတ္တသုခနိဗ္ဗာန်ဝင်ဝါး နေလတ္တံ့ဟုဆိုလိုပါသည်။

## နိဗ္ဗာန်တရားတော်များ

သိမန်လူများ နိဗ္ဗာန်ကိုသိရှိကြဆနိုင်ရန်အတွက်၊ မြတ်စွာ ဘုရား သခင်ဥဒါန်း ဂါထာများ ကို ဟောကြားတော်မူပါသည်။

အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ
နော စေတံ ဘိက္ခဝေအဘဝိဿ၊ အဇာတံ၊ အဘူတံ၊ အကတံ၊အသင်္ခတံ
နယိဓ ဇာတဿဘူတဿ ကတဿ သင်္ခတဿနိဿရဏံ ပညာယေထ၊
ယသ္မာ စ ခေါဘိက္ခဝေ၊ အတ္ထိ အဇာတံအဘူတံ အကတံ၊အသင်္ခတံ၊
တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿနိဿရဏံ ပညာယတိ။

ဘိက္ခဝေ၊ ရဟန်း တို့၊ အဇာတံ၊ ပဋိသန္ဓေ နေခြင်း မရှိသော၊ အဘူတံ၊ ဖြစ်ပေါ်ခြင်း မရှိသော၊ အကတံမပြုပြင် ကတ်သော၊ အသင်္ခတံ၊ အကြောင်း တရား တို့ ~~ကြောင့်~~ စုရုံး၍မ ဖြစ်ပေါ် သောနိဗ္ဗာန်သည်၊ အတ္ထိ၊ ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊

အဇာတံ အဘူတံအစ ရှိသော နိဗ္ဗာန်တရား သည်၊ နော စေ အဘဝိဿ၊ အကယ်၍ မရှိငြားအံ့၊ ဧဝံ၊ ဤသို့မရှိပါမူ၊ ဣဓ၊ ဤ လောက၌၊ ဇာတဿ၊ ပစ္စယ နှေ့ နေခြင်း ရှိသော၊ ဘူတဿ၊ ဖြစ်ပေါ်ခြင်း ရှိသော။ ကတဿ၊ ပြုပြင်ရက် သောသင်္ခတဿ၊ အကြောင်း တရား တို့ ကြောင့်ဖြစ် သော ရုပ်-နာမ်အပေါင်း တို့မှ၊ နိဿရဏံ၊ လွတ် မြောက်ရာလမ်း ကြောင်း သည်၊ နပညာယေထ၊ မရှိလေရာ။ ဘိက္ခဝေ၊ ရဟန်း တို့၊ ယသ္မာ၊ အကြင် အကြောင်းကြောင့်၊ အဇာတံ၊ ပစ္စယ နှေ့မ နေခြင်း ၊ အဘူတံ၊ ဖြစ် ပေါ်ခြင်း မရှိ သော၊ အကတံ၊ မပြုပြင်ရက် သော၊ အသင်္ခတံ၊ အကြောင်း တရား တို့စုရုံး ၍ မဖြစ် ပေါ် သော နိဗ္ဗာန်သည်၊ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို ကြောင့်၊ ဇာတဿဘူတဿ၊ ပစ္စယ နှေ့ နေခြင်း ဖြစ် ပေါ်ခြင်း ရှိ သော၊ ကတဿ၊ ပြုပြင်ရက် သော၊ သင်္ခတဿ၊ အကြောင်း တရား တို့စုရုံး ၍ဖြစ် သော ရုပ်-နာမ် အပေါင်း တို့မှ၊ နိဿရဏံ၊ ထွက် မြောက်ခြင်း သည်၊ ပညာယတိ၊ ထင်ရှား ၏။

<u>ဆို လို ရင်း မှာ-</u>

ရဟန်းတို့၊ ဒုက္ခခပ်သိမ်း မှငြိမ်း ရာဖြစ် သော နိဗ္ဗာန် သည်ထင်ရှား ရှိ၏။ အကယ်၍ဤ နိဗ္ဗာန်တရား သည် မရှိငြားအံ့၊ သတ္တဝါအပေါင်း တို့သည်သံသရာဝဋ်ဒုက္ခမှ မထွက် မြောက်နိုင်၊ နိဗ္ဗာန်တရား ရှိ၍သာလျှင်ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ် တို့သံသရာဝဋ်ဆင်းရဲမှလွတ် မြောက်ကြရ ကုန်၏။

အတ္ထိဘိက္ခဝေ တဒါယတနံ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော န အာကာသာနဉ္စာယတနံ၊ န ဝိညာဏာနဉ္စာယတနံ၊ န အာကိဉ္စညာယတနံ၊ န နေဝသညာနာသညာယတနံ၊ နာယံ လောကော၊ န ပရလောကော၊ န ဥဘော စန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ န ဂတိံ န ဌိတိံ န စုတိံ၊ န ဥပပတ္တိံ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝတံ၊ ဧသေဝန္တော ဒုက္ခဿ။

ဘိက္ခဝေ၊ ရဟန်းတို့၊ တဒါယတနံ၊ နိဗ္ဗာန်တရားတော်မြတ်သည်၊ အတ္ထိ၊ ကောင်းစွာထင်ရှားရှိပေ၏။ ယတ္ထ၊ ထိုနိဗ္ဗာန်၌၊ နေဝပထဝီန တေဇောနာအာပေါ ဝါယော၊ ပထဝီဓာတ် တေဇောဓာတ် အာပေါဓာတ် ဝါယောဓာတ်တို့လည်း မရှိ၊ န အာကာသာနဉ္စာယတနံ၊ ကောင်းကင်ပညတ်အာရုံရှိသော အာကာသာနဉ္စာယတနဘုံလည်း မဟုတ်၊ န ဝိညာဏဉ္စာယတနံ၊ အသိဝိညာဉ်စိတ်သာလျှင်အာရုံရှိသော ဝိညာဏဉ္စာယတနဘုံလည်း မဟုတ်၊ န အာကိဉ္စညာယတနံ၊ ဝိတ်ဝေတသိတ်မရှိခြင်းကိုအာရုံပြုသော အာကိဉ္စညာယတနဘုံလည်း မဟုတ်၊ န နေဝသညာနာသညာယတနံ၊ အလွန်သိမ်မွေ့ကသညာမှုရှိသော နေဝသညာနာသညာယတနဘုံလည်း မဟုတ်၊ နယလောကော နပရလောကော၊ နိဗ္ဗာန်မှာ ရုပ်-နာမ်တရား မရှိသည့်အတွက်၊ ဤလောကလည်း မဟုတ်၊ တခြား လောကလည်း မဟုတ်၊ န ဥဘော စန္ဒိမသူရိယာ၊ လ-နေဝသည့်ကိုလည်း မရှိ၊ နေဝအာဂတိံ ဝဒါမိ၊ ကခြားမှ နိဗ္ဗာန်သို့လာရောက်ခြင်း ရှိသည်ဟူ၍လည်း ငါဘုရား -

ဟော တော်မမူ။ နဂတိံ၊ နိဗ္ဗာန်မှ တခြား သို့ ရွှေ့ပြောင်းသွား သည်ဟူ၍လည်း မရှိ။ နဋ္ဌိတိံ၊ တည်ရှိနေသည်လည်း မဟုတ်၊ နစုတိံ ရွေ့လျောခြင်း လည်း မရှိ။ အပ္ပဝတ္တံ၊ ဖြစ်ပျက်နေ သော ရုပ်နာမ် အပဉ်လည်း မရှိ၊ အနာရမ္မဏာ မေဝတံ၊ အာရုံလည်း မယူတတ်မပြု ပါဝ်၊ ဧ သေဝ န္တော ဒုက္ခဿ၊ ဤနိဗ္ဗာန်သည်ဝဋ်ဆင်း ရဲအပေါင်း တို့၏ အဆုံး ပေတည်း ။

ယတ္ထအာ ပေါစ ပထဝီ တေ ဇော ဝါယောနဂါဓတိ၊
နတတ္ထသုက္ကာ ဇောတန္တိ၊ အာဒိစ္စောနပ္ပကာသတိ၊
နတတ္ထဝန္ဒိမာဘာတိ၊ တမေါတတ္ထနဝိဇ္ဇတိ၊
ယဒါစအတ္တ နေ ဝေဒိ၊ မုနိ မော နေနဗြာဟ္မဏော၊
အထရူပါအရူပါစ၊ သုခဒုက္ခာ ပမုစ္စတိ။

ယတ္ထ၊ အကြင်နိဗ္ဗာန်၌၊ အာ ပေါစ ပထဝီ တေ ဇော ဝါယော နကမတိ၊ ပထဝီ တေ ဇော အာ ပေါဝါယော ဓါတ်ကြီးလေး ပါး တို့မတည်ရှိနိုင်။ တတ္ထ၊ ထိုနိဗ္ဗာန်၌ ဥသုက္ကာ ဇော တန္တိ၊ ဂြိုဟ်နှင့် ကြယ်တာယာတို့သည်လည်း ထွန်း လင်း တောက်ပခြင်း မရှိပေ။ အာဒိစ္စောနပကာသတိ၊ နေသည်လည်း မထွန်း လင်း ပေ။ တတ္ထ၊ ထိုနိဗ္ဗာန်၌၊ တမော၊ အ မှောင်သည်လည်း ၊နဝိဇ္ဇတိ၊ မရှိ ပေ။ ယဒါစ၊ အကြင်အခါ၌လည်း ၊ မုနိ၊ ပညာရှိသည် မော နေန ၊အရဟတ္တ မဂ်ဉာဏ်ဖြင့်၊ တံ၊ ထိုနိဗ္ဗာန်ကို၊ အတ္တနော ဝေဒိ၊ ကိုယ်တိုင်သိ၍၊ ဗြာဟ္မဏော၊ မကောင်း မှုကိုအပပြုပြီး သော ရဟန္တာဖြစ် လေ၏။

အထ၊ ထိုအခါ၌၊ ရူပါအရူပါစ၊ ရူပဘုံအရူပဘုံတို့မှ၄င်း ၊ သုခ ဒုက္ခာ၊ ချမ်းသာဆင်းရဲအပေါင်းမှ၄င်း ၊ ပမုစ္စတိ၊ လုံး၀ လွတ်မြောက်လေတော့သတည်း ။

၃၀။ ယတ္ထအာပေါစ ပထဝီ၊ တေဇော ဝါယော နဂါဓတိ၊
အတော သရာ နိဝတ္တန္တိ၊ ဝဋ္ဋံ ဝဋ္ဋံနဝတ္တတိ၊
ဧတ္ထနာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတီတိ။

အကြင်နိဗ္ဗာန်၌ ဖွဲ့စည်းမှုအာပေါဓါတ်သည်၄င်း ၊ ခက်မာမှု ပထဝီဓါတ်သည်၄င်း ၊ ရင့်ကျက်မှု တေဇောဓါတ်သည်၄င်း ၊ ထောက်ကန်မှုဝါယောဓါတ်သည်၄င်း မတည်နိုင်။ ထိုနိဗ္ဗာန်၌သံသရာအိုင်တို့သည် ဆုတ်နစ်ကုန်၏။ ထိုနိဗ္ဗာန်၌ ၀ဋ်ဆင်းရဲသည် မဖြစ်၊ ထိုနိဗ္ဗာန်၌ နာမ်သည်၄င်း ၊ ရုပ်သည်၄င်း အကြွင်းမဲ့ချုပ်ငြိမ်းလေ၏။

၃၁။ ယော တဿာ ယော တဏှာယ၊ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော ဟူသော မြွက်ကြားပါဠိတော် အရ တဏှာ၏အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကိုနိဗ္ဗာန်ဟု ဖော်ပြထား ပါသည်။ ထိုကြောင့်မြတ်စွာဘုရားသည်ကိုယ်တိုင်ပါဠိတော်၌ ကိလေသာ ကုန်ပြီး သောရဟန္တာကိုလည်း နိဗ္ဗာန်ဟု ဖော်ပြထားပါသည်။

ကတမာစ ဘိက္ခဝေ သဥပါဒိသေသ နိဗ္ဗာနဓာတု၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော၊ အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယော

ဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ သုခဒုက္ခံ ပဋိသံဝေ ဒေတိ၊ တဿ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသနိဗ္ဗာနဓါတု။

ဘိက္ခဝေ၊ ရဟန်းတို့၊ သဥပါဒိသေသနိဗ္ဗာန ဓါတု၊ သဥပါဒိသေသနိဗ္ဗာနဓါတုဟူသည်၊ ကတမာ၊ အဘယ်ပါနည်း ၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓသာသနာ ကော်၌၊ ဘိက္ခုရဟန်းသည်၊ အရဟံ ဟောတိ၊ ပူဇော်အထူးကိုခံထိုက်သည်ဖြစ်၏။ ဝုသိတဝါ၊ မြတ်သောအကျင့်ကိုကျင့်သုံးပြီးသည်လည်းဖြစ်၏။ ဩဟိတဘာရော၊ ချအပ်ပြီးသော ခန္ဓာဝန်ထုပ်ရှိ၏။ အနုပ္ပတ္တ (အရဟတ္တဖိုလ်သို့ ရောက်အပ်ပြီး ဖြစ်သော) ပရိက္ခီဏဘဝ သံယောဇနော၊ ကုန်ပြီးသော ဘဝသံယောဇဉ်နှောင်ကြိုးရှိ၏။ သမ္မဒညာ ဝိမုတ္တော၊ အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် သံသရာဝဋ်ဆင်းရဲမှ ကောင်းစွာလွတ်မြောက်တော်မူသော၊ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား ပဉ္စိန္ဒြိယာနိ၊ စက္ခာယတန သော တာယတနအစရှိသော ငါးပါးသော ဒွါရာယတနတို့သည်၊ တိဋ္ဌန္တေဝ၊ ကောင်းစွာတည်ရှိနေကုန်၏။ ယေသံ၊ ယင်းအာယတနငါးပါး တို့သည်၊ အဝိဃာတတ္တာ၊ မပျက်စီးခြင်းကြောင့်၊ မနာပါမနာပ၊ ကောင်းမကောင်းအာရုံတို့ကို၊ ပစ္စနုဘောတိ၊ တွေ့ထိခံစားရ၏။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲတို့ကိုလည်း ၊ ပဋိသံဝေဒေတိ ခံစား ရ၏။ တဿ၊ ထိုရဟန္တာ၏သန္တာန်၌၊ ရာဂက္ခယော၊ နှစ်သက် တပ်မက်သော ရာဂငြိမ်းသည်၎င်း ၊ ဒေါသက္ခယော၊ ဒေါသ၏ –

မဖြစ် ပေါ်ခြင်း ငြိမ်း သည့်ငှင်း ၊ မောဟက္ခယော ၊ မောဟ မဖြစ်ခြင်း ငြိမ်း သည့်ငှင်း ၊ အတ္ထိ ရှိ၏ ။ အယံ ၊ ဤဆိုခဲ့ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကို ၊ သဉပါဒိ သေသနိဗ္ဗာန ဓါတု သဉပါဒိ သေသ နိဗ္ဗာန ဓါတုဟူ၍ ၊ ဝုစ္စတိ ၊ ခေါ်ဆိုအပ်၏ ။

ကတမါဝဘိက္ခ ဝေ ၊ အနုပါဒိ သေသနိဗ္ဗာန ဓါတု ၊ ဣဓ ဘိက္ခု ဝေ ဘိက္ခုအရဟံ ဟောတိ ၊ ခီဏာသဝေါ ၊ ဝုသိတဝါ ၊ ကတကရဏီ ယော ၊ ဩဟိတဘာ ရော ၊ အနုပ္ပတ္တသ ဒတ္ထော ၊ ပရိက္ခီဏဘဝ သံယောဇ နော ၊ သမ္မဒညာဝိမုတ္တော ၊ တဿ ၊ ဣဓေဝဘိက္ခဝေ ၊ သဗ္ဗ ဝေဒယိတာနိ ၊ အနဘိနန္ဒိတာနိ သီတိဘဝိဿန္တိ ၊ အယံဝုစ္စတိ ဘိက္ခဝေ အနုပါဒိ သေသနိဗ္ဗာန ဓါတု ။

ဘိက္ခဝေ ၊ ရဟန်း တို့ ၊ အနုပါဒိ သေသနနိဗ္ဗာန ဓါန ၊ အနုပါဒိ သေသနိဗ္ဗာန ဓါတုဟူသည် ၊ ကတမာ ၊ အဘယ်နည်း ။

ဘိက္ခဝေ ၊ ရဟန်း တို့ ၊ ဣဓ ၊ ဤသာသနာ တော်၌ ၊ ဘိက္ခု ၊ ရဟန်း သည် ၊ ----ဝါပိုဒ် - ၃၁ - တွင် ပါရှိ သော သဉပါဒိ သေသ နိဗ္ဗာန ဓါတုရဟန္တာအကိုင်း သမ္မဒညာဝိမုတ္တော ၊ အရဟတ္တ ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် သိသင့်ရာဝဋ်ဆင်း ရဲမှ ကောင်းစွာ လွတ် မြောက် တော်မူ သော ၊ အတိအနက်ပြန်ပါ ။ တဿ ၊ ထိုရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ ၊ သဗ္ဗ ဝေဒယိတာနိ ၊ အလုံး ဂုံ သော ခံစားမှု ဝေဒနာတို့သည် အနဘိနန္ဒိတာနိ ၊ မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ၊ ဣဓေဝ ၊ ဤမျက် မှောက်ကိုယ်၌ ပင်လျှင် ၊ သီတိဘဝိဿ[illegible] အေးငြိမ်း

သွားကုန်လတ္တံ့။

အနုပါဒိသေသနိဗ္ဗာန်ပဋ္ဌမပိုင်းတွင် သဥပါဒိသေသနိဗ္ဗာန်နှင့်တူညီနေပါသောကြောင့်၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍ ကောက်ယူရပါမည်။ ခံစားမှုဝေဒနာတို့ကိုမနှစ်သက်အပ်သည်ဖြစ်၍၊ ၌မျက်မှောက်ကာလ၌ပင်လျှင် အေးငြိမ်းသွားလတ္တံ့ဟူသောစာပိုဒ်အရ၊ နိရောဓသမာပတ်ဝင်စား၍နေလတ္တံ့ဟု ကောက်ယူပါ။ နိရောဓသမာပတ်ဝင်စားနေသောရဟန္တာတို့မှာ စိတ်စေတသိက်၊ သညာချုပ်ငြိမ်းနေသဖြင့်၊ ခန္ဓာငါးပါး မဖြစ်ပေပါ။ ထို့ကြောင့်၊ နိဗ္ဗာန်ဝင်စား၍နေသည်မည်၏။ အရဟတ္တဖိုလ်ဝင်စားနေပါကလည်း အေးငြိမ်းသောနိဗ္ဗာန်သို့ရောက်နေ၏။ အဘယ်ကြောင့်ဆိုသော် (အနုပါဒါယအာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု) ဟူသောအနတ္တလက္ခဏာသုတ်ပါဠိတော်အရ၊ အရဟတ္တဖိုလ်ဉာဏ်၌ လောကီအာသဝေါတရားလုံးဝငြိမ်းအေးလျက်ရှိနေ၏။ ပညာရှိများ မိမိတို့ဉာဏ်ဖြင့်စဉ်းစား၍ဆုံးဖြတ်ကြပါ။ ပရိနိဗ္ဗာန်စံဝင်ပြီးမှအနုပါဒိသေသနိဗ္ဗာနဓာတုဟု ကောက်ယူပါက၊အပေါ်ပိုင်း၌ ရဟန္တာဟု ဟောတော်မူအပ်သော၊ အရဟံ ဟောတိ၊ ခီဏာသဝေါ၊ ဝုသိတဝါ- သည်တို့နှင့်မကိုက်ညီပါ။

– – –

၃၃။ ဝိညာဏံအနိဒဿနံ၊ အနန္တံသဗ္ဗတောပဘံ၊
ဧတ္ထအာပေါစပထဝီ၊ တေဇောဝါယောနဂါဓတိ၊
ဧတ္ထဒီဃဉ္စရဿဉ္စ၊ အဏုံထူလံသုဘာသုဘံ၊
ဧတ္ထနာမဉ္စရူပဉ္စ၊ အသေသံဥပရုဇ္ဈတိ၊
ဝိညာဏဿနိရောဓေန၊ ဧတ္ထေတံဥပရုဇ္ဈတီတိ။

အနက်အဓိပ္ပါယ်။

ဝိညာဏံ၊ အရဟတ္တဖိုလ်နိဗ္ဗာန်သည်၊ အနိဒဿနံ၊ ညွှန်ပြစရာမရှိသော၊ အနန္တံ၊ အပိုင်းအခြားအကန့်အသတ်မရှိသော၊ သဗ္ဗတောပဘံ၊ အညစ်အကြေးကင်းစင်သဖြင့်၊ ဖြူးဖြူးပြက်တောက်ပသောသဘောရှိ၏။ ဧတ္ထ၊ ဤအရဟတ္တဖိုလ်စိတ်နိဗ္ဗာန်၌၊ အာပေါ၊ ဖွဲ့စည်းသောသဘောသည်၎င်း၊ ပထဝီ၊ မာသောသဘောသည်၎င်း၊ တေဇောဝါယောပူသောသဘောသည်၎င်း၊ ဝါယော၊ တွန်းကန်သောသဘောသည်၎င်း၊ နဂါဓတိ၊ မတည်ရှိနိုင်။ ဧတ္ထ၊ ဤအရဟတ္တဖိုလ်စိတ်နိဗ္ဗာန်၌၊ ဒီဃဉ္စ၊ အရှည်သည်၎င်း၊ ရဿဉ္စ၊ အတိုသည်၎င်း၊ အဏုဉ္စ၊ အပါးသည်၎င်း၊ ထူလဉ္စ၊ အထူသည်၎င်း၊ သုဘာသုဘဉ္စ၊ ကောင်းခြင်းမကောင်းခြင်းသဘောသည်၎င်း၊ နဂါဓတိ၊ မတည်ရှိနိုင်ပေ။ ဧတ္ထ၊ ဤအရဟတ္တဖိုလ်နိဗ္ဗာန်၌၊ နာမဉ္စ၊ စေတသိတ်တရားတို့သည်၎င်း၊ ရူပဉ္စ၊ ရုပ်တရားတို့သည်၎င်း၊ အသေသံ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ချုပ်၏။

ဝိညာဏကဃန် ရော နှောနေ၊ အရဟတ္တဖိုလ်စိတ်၏ ချုပ်ခြင်း ကြောင့်၊ နောက်၊ ရဟန္တာ၏အလုံး စုံ သေါ ခန္ဓာ တရား အပေါင်း ကိုသည်၊ ဥပရုဏ္ဍကို၊ ဆက်လက်ဖြစ် ပေါ်ခြင်း မရှိဘဲ၊ ဤ လောကမှ ချုပ်ငြိမ်း ခြင်း သို့ ရောက်ကြရ လေသည်။

ဝိညာဏ်ကိုအရဟတ္တဖိုလ်စိတ်ဟု ခေါ်ယူရခြင်း ကား ၊ သဗ္ဗ ကောပဘာ၊ အညစ်အကြေး ကင်း စင်၍ဖြိုး ဖြိုး ပြက် တောက်ပ သောသော ဘောနှင့်ကိုက်ညီရန်ဖြစ် ပါသည်။ အရဟတ္တဖိုလ်စိတ်ကို နိဗ္ဗာန်ဟူ၍ကုတ်ဝက်ပါဠိ တော်၌မြတ်ဗုဒ္ဓဘုရား ဟောထားတော် မူပါသည်။ ထိုမှတပါး လည်း ( ပဘဿရမိဒံဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေ သေဟိဥပက္ကိလဋ္ဌံ ) စိတ်သည်နဂိုအတိုင်း ကြည်လင်သည်ဖြိုး ဖြိုး ပြက် တောက်ပသည်။ အာဂန္တုဧည့်သည် စေတသိက် များ ကြောင့်ညစ်နွမ်း ရသည်ဟုဆိုလိုသည်။ အရဟတ္တဖိုလ်စိတ်မှာ ကား - မည်သည့် စေတသိက်နှင့်မျှ မယှဉ်နိုင်၊ အဘယ် ကြောင့်ဆိုသော်၊ စေတသိက်ဟူသည်သံသရာလည် စေတက် သော လောကီတရား ပင် ဖြစ်သည်။ စာပိုဒ်( ၁၅ )ကိုပြန်ကြည့်ပါ။

– – –

## ၃၅။ `` ရောဟိတသုတ်တရားတော် ``

မြတ်စွာဘုရား သခင်၊ သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်း တော်၌သီတင်း သုံး နေ တော်မူစဉ်၊ ရောဟိတ နတ်သား က မေး လျှောက်သည်မှာ၊ တပည့် တော်သည် ရှေးဘဝ ဈာန်အဘိဉာဏ်နှင့်ပြည့်စုံသည့်ရသေ့ဖြစ်ခဲ့စဉ်က၊ မအိုမနာ မသေ သောအရပ်ကိုစကြာဝဠာတခုလုံး ၌အနှံ့အပြားလိုက် လံ ရှာ ဖွေခဲ့ပါသော်လည်း မ တွေ့ခဲ့ရပါ။ ထိုကြောင့်မအိုမနာ မ သေအရပ် လောက၏အဆုံး ရှိပါသ လောဟု လျှောက်ထား ၏ ။ မြတ်စွာဘုရား ပြန်ကြား သည်မှာ -

နခေါ ပနဟံ အာဝုသော အပ္ပတွာ လောကဿအန္တံ ဒုက္ခဿအန္တ ကိရိယံ ဝဒါမိ၊ အပိစ ခွါဟံ အာဝုသော၊ ဣမသ္မိံ ယေဝဗျာမ မတ္တေက ဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ။

အာဝုသော၊ အို ရောဟိတနတ်သား ၊ လောက၏ အဆုံးနိဗ္ဗာန်သို့မရောက်မူ၍၊ ဒုက္ခ၏အဆုံး ကိုပြုခြင်း ၌ ငါ- ဘုရား ဟော တော်မမူ၊ စင်စစ် သော်ကား သညာ ရှိသည်ဖြစ် သော၅တလံမျှ လောက် သော ၌ခန္ဓာ ကိုယ်၌သာလျှင် လောကကို ၄င်း၊ လောက၏ဖြစ် ကြောင်း ကို၄င်း ၊ လောက၏ချုပ်ရာကို ၄င်း ၊ လောက[illegible]ရာသို့ ရောက်ကြောင်း အကျင့်ကို၄င်း ၊

ဓါတုရား ပညာ် တော်မူ၏ဟု ဖြေကြား တော်မူ လေသည်။

ယခုလူကိုမြင် သောကြား သော နံ သောအဝ ၇ှိသည်ကိုသည် ဤတလိမ္မ လောက် သော ခန္ဓာကိုယ်အတွင်း မှာပင်လျှင်ဖြစ် ပေါ်ကြသည်။ မြူ-နီ-ဇိမ်း -ဓ သောအ ရောင်ကိုသည်အပြင်ပငှင်း ကိုကို ဖြစ် စေတက်သည့်အင်အား စု ( energy ) နှင့်၊ အတွင်း စေ့ျ သ ပသာဒ အနုသယနှင့်ကံကရား ကိုကိုအ ကြောင်း ပြု၍ကိုယ်တွင်းနှ သာမြင် ပေါ်သည့်အရိပ်က လေး များ ဖြစ်ကြသည်။ ငှင်း ကိုကို အာရုံ ကြောကို့ကအပြင် မှာမြင် ရသကဲ့သို့အကွာအ ဝေး နှင့်တကွပြ ပြင် ပေး လိုက်သည်။ အသံအနံ့အရသာအ တွေ့အထိတရား ကို့မှာ လည်း ဤအတိုင်း ကောက်ယူပါ။ အပြင်ဟူသည်ပရမတ်ဝစ်စင် အမြဲ ဖေါက်ပြန် နေ သောအင်အား စုဖြစ်ပါသည်။ အချို့ကဤကလိမ္မ သောခန္ဓာကိုယ်ကိုအတ္တစ္ဆငှင်း မှအပြင်ပကိုဗဟိဒ္ဓဟု ပြောကြသည်။ မွေသင်္ဂဏ်နှ်ကား ၊ ပသာဒငါး ပါး မနောနှင့်မနော ဝိညာဏ် တို့သာအဇ္ဈတ္တိကကျန်တရား များ ကား ၊ ဗဟိဒ္ဓဟု ဖေါ်ပြထား ပါသည်။ ထို ကြောင့်ဤကလိမ္မ သောခန္ဓာကိုယ်နှအဇ္ဈတ္တိက နှင့် ဗဟိဒ္ဓ ပါဝင်သည် ၇ှိ နေသည်။ အနုသယကိုအ ကြောင်း ပြု၍ဖြစ်သည့် အတွက်၊ ဥပါဒါနက္ခန္ဓာဟု ခေါ် ဝေါ် ပါသည်။ လောကတခုလုံးကို သွင်း ယူထား ပါသဖြင့်၊ ငှင်း တို့မဖြစ် ပေါ်ခြင်း သည်နိဗ္ဗာန် ဖြစ်၍ လောက၏အဆုံး ဖြစ်ပါသည်။ လောက၏အဆုံး သို့ရောက် လို သော်၊ ငှင်း ၏ဖြစ် ပေါ်ခြင်း အ ကြောင်း တရား အနုသယ

ကိလေသာကိုအကြွင်းအကျန်မရှိအောင်ပညာဖြင့်ရှာဖွေတွေ့ရှိပြီး မှဖျက်ဆီးကြရပါမည်။

နိဗ္ဗာန်တရားကား အသ်ခ်ဘမွောဖြစ်ပေါ်သော တရားမဟုတ်သောကြောင့်၊ အဇ္ဈတ္တဗဟိဒ္ဓဟူ၍မခေါ်ဆိုအပ်ပါ။ နိဗ္ဗာန်ကိုအဘယ်မှာတည်ရှိသည်ဟုညွှန်ပြစရာမရှိပါ။

\- - -

## ။ သိပ္ပံပိုင်း ။

၃၆။ `` (Cells) များအကြောင်း ။ ``

လောကရှိဝတ္ထုပစ္စည်းများကိုသက်ရှိသက်မဲ့ဟူ၍ခွဲခြားကြရာ၌ မိမိတို့အလိုအလျောက်ကိုင်း သွားလှုပ်ရှားနိုင်သော၊ ကြီးပွါးဆုတ်ယုတ်၍မျိုးဆက်ပွါးများနိုင်သောဝတ္ထုပစ္စည်းများကို သက်ရှိဝတ္ထုပစ္စည်းဟူ၍ခေါ်သည်။ အမှန်မှာအသက်ဟုသောမိစ္ဆာဒိဋ္ဌိအယူတရားမျိုးရှိသည်မဟုတ်။ ရှင်နေသောသဘောတရားမျှရှိခြင်း ။ အင်္ဂလိပ်စကားအရ( living )ကိုဆိုလိုသည်။ သက်ရှိပစ္စည်းများကို( cells )များဖြင့်ဆောက်လုပ်ထားသည်။ (cell )ဟုသည်မှာလုံခြုံသောအိုက်ခန်းငယ်ပင်ဖြစ်သည်။

( Protozoa )အမျိုးသတ္တဝါငယ်များ၌( cell )တခုတည်းဖြင့်အသက်ရှင်နေမှုကိစ္စရပ်များပြီးစီးနိုင်လေသည်။ ၎င်းသတ္တဝါမျိုးကား ရှေးအကျဆုံးသတ္တဝါမျိုးဖြစ်သည်။ သတ္တလောကအဝ၌ယင်းသတ္တဝါများ လက်ဦးဖြစ်ပေါ်၍နောက်မှ၎င်းတို့စုရုန်းနေထိုင်ခြင်းနှင့်လုပ်ငန်းကိစ္စအဝဝကိုခွဲခြမ်းဝေဖန်လုပ်ကိုင်မှုကြောင့်( cells )များ စုဝေးသည့်သတ္တဝါများ ပေါ်ပေါက်ရလေသည်။

၃၇။ လူအပါအဝင်ကိုရသတ္တဝါန်များ၏အချို့အရေးကြီးသော( cell )အင်္ဂါအစိပ်အပိုင်းနှင့်လုပ်ငန်းတို့မှာ .........

( cell )၏အပြင်ပကားယင်းကိုထုပ်ထားသော( cell membrane )အရေပြားဖြစ်သည်။ ၎င်းကို -( lipoprotein )ဖြင့်ပြုလုပ်ထား၍၎င်း၌အပေါက်ငယ်များအနှံ့အပြားရှိသည်။ အသက်ရှင်ရန်လိုအပ်သောအာဟာရဓာတ်နှင့်ဓါတ်သတ္တုပစ္စည်းများကိုအရေပြားမှသွင်းယူ၍ ဝန်နှင့်လိုသောပစ္စည်းများကိုလည်း၎င်းမှထုတ်ပယ်သည်။ အချို့လိုအပ်သောပစ္စည်းများကားလွယ်ကူစွာသဘာဝအလျောက်ဝင်လာနိုင်သော်လည်းအချို့ကိုမူကား၊ အင်အားစိုက်ထုတ်၍သွင်းယူကြရသည်။ ( cell )အတွင်းရှိ( mitochondria )ဝက်များသည်၊( carbohydrates )နှင့်( fatlyacids )များကိုလေ ၇ ရှိသောအောက်ဆီဂျင်ဖြင့်လောင်ကျွမ်းစေ၍၊ အင်အား

ထုတ်ယူနိုင်လေသည်။ ရရှိသောအင်အားကိုလိုအပ်သည်များ တွင်အသုံးပြုရ၍ ပိုလျှံနေပါက ( A.M.P ) ဓါတ်ပစ္စည်းများကို ( A.T.P သို့ပြောင်းပေးသောအားဖြင့်သိုလှောင်ထားရှိလေသည်။ အစာများကိုချေပ၍အလိုမရှိသောပစ္စည်းများကိုစွန့်ပယ် နိုင်သော ( lysosomes ) ဝတ်များလည်း အနှံ့အပြား ( cell ) အတွင်း၌ရှိသည်။ ၎င်းတို့တွင်အစာချေနိုင်သော ( Enzymes ) များ ပြည့်နှက်လျက်ရှိ၏။

<u>မှတ်ချက်</u>။ ။ A.M.P = adenosine mono phosphate.

A.T.P = adenosine Tri phosphate.

( Cell ) ၏အလယ်တွင်မဲနက်တောက်ပသော ( nucleus ) ရှိသည်။ ၎င်းကိုအရေပြားနှစ်လွှာဖြင့် ( cell ) အတွင်းရှိအခြားဝတ်နှင့်ပစ္စည်းများမှသီးသန့်ခွဲခြားထား ရှိသည်။ ( Cells ) များ တိုးပွါးလာချိန်တွင် ( nuclei ) များသည် ( Chromosomes ) အမျှင်ငယ်များအဖြစ်သို့ ပြောင်းလဲသွား၏။ လူတို့တွင် ( Chromosomes ) အမျှင် ငယ်များ ( ၂၃ ) စုံရှိသည်။ ၎င်းတို့ကား သတ္တဝါကို ဆိုးကောင်း အမွေပေးစွမ်းနိုင်သည့်မျိုးစေ့များဖြစ်၍၊ မျိုးဆက်ရာ၌ အလွန်အရေးကြီးသည်။

( Endoplasmic Reticulum ......... ) (E.R ) ခေါ် ပြွန်ငယ်များသည် (cell ) အတွင်း၌အနှံ့အပြားပြည့်နှက်လျက်ရှိသည်။ ၎င်းတို့သည် ( cell ) အတွင်း၌တနေရာမှတနေရာသို့ ဆက်သွယ်လျက်ရှိသည်သာမက ( cell ) အပြင်ဘက်သို့လည်းထွက်ပေါက်များရှိလေသည်။ ( Ribosomes ) အစေ့ငယ်များသည် ( E.R ) အပြင်ဘက်၌ကပ်လျက်များသောအားဖြင့်တွေ့ရှိရသည်။ ၎င်းတို့တွင် ( Ribonucleic acid ) (R.N.A)များနှင့်ရောပြွမ်းနေ၍ ( Protein ) ချက်လုပ်သောနေရာများဟု ယူဆရသည်။ ( Golgi Complex ) ကား ( E.R ) အထူးကပ်ဆင်ထားခြင်းဖြစ်၍၊ အိတ်ငယ်များ၌အသိုးလိုသည့်အစေးရည်များ ပြုလုပ်သိုလှောင်ထားရှိသည်။ ( cell ) အတွင်း၌ကြားထက်ကိရိယာများအပြင်၊ သိုလှောင်ထားရှိသော glycogen, fats, aminoacids , starch ... ... နှင့် ( protein ) အစရှိသည်များတွေ့ရှိနိုင်သည်။ ( cell ) အတွင်း ရှိသေးငယ်အသက်ရှင်စေတတ်သောကိရိယာငယ်သည်များကိုအသေးပေါင်းငါးသောင်းမက ( Electron microscope ) ဖြင့်ချဲ့ တွင်လေ့လာ၍အသိတရားများဝွာရရှိပါသော်လည်းသုံးခန်း ကိုင်ပြည့်စုံအောင်ကားမတွမ်းနိုင်သေးပါ။

၃၈။ လူ၏ခန္ဓာကို ( cell ) ပေါင်း $100 \times 10^{12}$ ( $10^{12}$ ဟူသည်ကား တစ်နောက်မှ သုညကဆယ့်နှစ်လုံး ရှိသောကိန်း ဖြစ်သည်။ ) ဖြင့် ဆောက်လုပ်ထားသည်။ သံပင်-အရိုး-အရေပြား-အကြော သွေး-အာရုံကြော-အသိအဝေး ဝသည်များလည်း ( cell ) အု အဝေးများ ဖြစ်ကြသည်။ ယင်းအင်္ဂါအစိတ်အပိုင်းတို့သည်၊ မိမိတို့နှင့်ဆိုင်သောလုပ်ငန်းများကိုသာလုပ်ကိုင်ကြရသဖြင့်၊ ကမျိုးနှင့် ကမျိုး ပုံသဏ္ဍာန်မတူကြချေ။ အာရုံကြောတို့မှာ အလွန်သေးငယ်၍ ရှည်သော အမျှင်များ ဖြစ်ကြ၏။ သက်တမ်းမှာလည်း အချို့သွေးဥ မျိုးတို့မှာ ရန်သူများကိုတိုက်ဖျက်ရသဖြင့်၊ သုံး လေး နာရီမျှသာ ရှိ၍၊ သွေးနီမျိုးတို့မှာ ရက်ပေါင်း ( ၁၂၀ ) ထိရှည်သည်။ အသားနိုင် နှင့်အရိုးတို့မှာ ( ၁၁ ) နှစ်အထက်ရှိ၍၊ အာရုံကြောတို့မှာကား လူကိုယ်၏အသက်နှင့်အမျှရှည်နိုင်၏။ ၎င်းတို့ပျက်စီးပါကအစားထိုး ခြင်း မရှိပေ။ ( cell ) အမျိုးမျိုးတို့သည် ရန်သူများကြောင့် သော်လည်းကောင်း၊ သက်တမ်းစေ့၍ သော်၎င်း ပျက်စီးရ၏။ ပျက်စီးသော ( cell ) များကိုလက်ရှိရှင်နေသော ( cell ) များမှ ပေါက်ပွါး၍အစားထိုး ရသည်။ အစားထိုး နည်းမှာ ( nucleus ) ရှိ ( Chromosome ) အမျှင်ငယ်များသည်အနည်းငယ်ကြီး ထွား လာ၍နှစ်ကိုယ်ခွဲကြ၏။ ၎င်းနောက်တူညီသော ( Chromosome )

အစုတို့သည် ( cell ) ၏ထက် အောက်ဘက်သို့ ခွဲ ခွါ၍ တခုတဘက် ဝိရွေ့
လျော့ဝုရှန်း ကြလေသည်။ ၎င်း တို့ကြား ၌အ ရေပြား သစ်တခု
ဖြစ်ပေါ်လာပြီး ၊ ယင်း အရေပြား နှစ်ကိုယ်ခွဲ သောအား
ဖြင့် ( cells ) ငယ်နှစ်ခုဖြစ်ပေါ်လာ လေသည်။ ယင်း တို့မူရင်း
( cell ) မကြီး ပမာဏအထိကြီး ထွား လာ၍ ပျက်စီး ယိုယွင်း
သော ( cells ) များ နေရာသို့အစား ထိုး ဝင်ရောက်ကြရ
လေသည်။ အစား ထိုး ဝင်ရောက်လာ သော ( cells ) တို့သည်
မူရင်း ( cells ) များ နှင့်အရွယ်အစား မှစ၍အချင်းဆံသိမ်း
တူညီသည်။ ဤကဲ့သို့ ပွါး များ လာ၍အစား ထိုး လွယ်ကူ သော ( cells )
မျိုး တို့မှာ - liver, sub cutaneous tissues, intestinal
epimelium ..... ..... နှင့်အခြား glancular
cells ..... များ ဖြစ်သည်။ ( nerve cells ) များ ကို
အစား ထိုး ၍ မရနိုင်ပါ။ ( Cells ) များ ကိုလူ၏ ခန္ဓာအပြင်၌
သွေး ကြည်ရည်ဖြင့် မွေး မြူထား ၍ရပါက ၊ အကန့်အသတ်မရှိအသက်ရှင်
နိုင်သည်။ ကိုး လည်း ကိုး ပွါး နိုင်သည်။ လူ၏ ခန္ဓာ၌ဤကဲ့သို့ပကိုး ပွါး
နိုင်ခြင်း ကိုကား ကောင်း စွာမသိရှိသေး ပါ။ သို့သော်လည်း -
( nucleus ) တွင် ရှိ သော ( Chromosomes ) များ မှ
အချက်ပေး ( code words ) များ ဖြစ်ကြီး ကြပ်ခြင်းကြောင့်

တိုး ပွါး ခြင်း ကိုကန့်သက်ထား သည်ဟုသိရသည်။ ထိုမှ ကပါး လည်း ( Cells ) များ မှယိုဝီး နေသော အရေး ရည်သိဝ်သည်းလါသဖြင့် လည်း ဤကဲ့သို့ မကိုး ပွါး ဟုအချို့သု တေသီများ ကယူဆကြသည်။

၃၉။ `` မျိုး ဆက် ခြင်း အကြောင်း ။ ``

( Cell ) တခုတည်း ၌ရှိသော သက္တဝါများ သည်၊ နှစ်ကိုယ် ခွဲနည်း ဖြင့်မျိုး ဆက်ကြသည်။ ဤကဲ့သို့ မျိုး ဆက်ခြင်း ဖြင့်ပေါက်ပွား သော သက္တဝါငယ်မျိုး သည်ကောင်နှင့်ကောင်အချင်း ခဝ်သိမ်း ဘူသိကြသဖြင့်၊ မသင့်မတင့် သော အေး အန္တရာယ်ဆိုက် ရောက်ပါက၊ တမျိုး လုံး ပျက်ငီး ပျောက်ကွယ်ကြရမည်ဖြစ်၏။ ယင်း ကိုကာကွယ် ရန်အတွက်ဖို - မ မျိုး ဆက်ခြင်း ဝနဝ် ပေါ်ထွက်လာ၏။ ( cell )အ တွင်း၌ ( Chromozones ) အဝုံကိုသည်ကွဲဖက်အား လျှော့လာ ပြီး ၊ ခွဲထွက်လာကြ၏။ ၄င်း နောက်အဝုံကခုဝ်၌ရှိသော - ( Chromozones ) နှစ်ကိုသည်တခုကဖက်ဝ်အထက် အောက် ရွေ့ရှော သွား ကြ၏။ အောက် ( Chromozones ) အဝု နှင့်အထက် - ( Chromozones ) အဝုများ ကြား အရေပြား ဖြစ် ပေါ်လာ၍၊ ၄င်း နှစ်လွှာခွဲပြန် သော ကြောင့် ( cells ) နှစ်ခုဖြစ် ပေါ်ရ လေသည်။ ထို ( cell ) ငယ်ကိုဲ့ ( Chromozones ) ကဝက် သာ ၌ရှိ၍ ( gametes ) ဟု ခေါ်သည်။ နဂို ( cell ) ၌ - ( Chromozones ) များ ကဝုံနှင့်ဘဝုံ မကူသဖြင့်၊ ဖိဝိကို့၌

လည်း မတူညီကြကုန်။ ( gametes ) များ တဖန် ပေါင်း ဆုံမိ သဖြင့်ဖို - မ မျိုး ဆက်ခြင်း ဖြစ်လာရ လေသည်။ ယင်း ကဲ့သို့ဖို - မ မျိုး ဆက်ခြင်း ဖြင့်ဇေား အနွယ်ရာယ်အမျိုး မျိုး ကြီးကြီးကျယ်သည့်အခါများ ၌ သတ္တဝါအများ အပြား ပျက်စီး သော်လည်း အချို့ခံနိုင်ရည်ရှိ နိုင်သည့် သတ္တိရှိသော သတ္တဝါများ သည်မပျက်စီး သဖြင့်ဆက်လက်မျိုး ပွား နိုင်ကြ လေသည်။ လူအပါအဝင်အထက်တန်း ကျသတ္တဝါအား လုံး တို့သည် ဖို - မ မျိုး ဆက်ခြင်း ဖြင့်မျိုး ပွား ကြရသည်။ မည်သည့်သတ္တဝါမဆို လက်ရှိသတ္တဝါများ မှာသင့်အမျိုး ကူသ တ္တဝါများ သာမျိုး ပွား နိုင် သည်။ ဥပမာ - မျောက်နှင့်လူမျိုး ဆက်၍ မရနိုင်ပါ။ သမင်မ များ မှလည်း လူသား ငယ်မဖွါး မြင်နိုင်။ ဖွါး ကြသည်ဟုထင်မြင်ခြင်း သည်ယုတ္တိမရှိပေ။

၄၀။ <u>မျိုးဗေဒသတ္တိ</u> -( Genetic and Inheritance.)

Cells - များ ကိုအသေးပေါင်း ငါး သောင်း မက ချဲ့ထွင်၍ ( electron microscope ) ဖြင့်ကြည့်ရှုလေ့လာသု တေသန ပြုလုပ်နိုင်သဖြင့်၊ မျိုး ဗေဒသတ္တိသိပ္ပံပညာ များ သွားတိုး တက်လျက် ရှိ ပေသည်။

အသက်ရှင်နေ သောသတ္တဝါ၊ သစ်ပင်အား လုံး တို့ သည် မျိုး ဗေဒသတ္တိဖြင့်မျိုး ပွါး ကြသည်။ ( Cell အတွင်း ရှိ - Chromozones - များ ကို ( Ribonuclic acid ) ဖြင့် ပြု လုပ်ထား သည်။ လူတို့၌ ( Chromozones ) ပေါင်း - ၂၃ - စုံ

ရှိ၍၊ တစုံနှင့်တစုံ ပုံသဏ္ဍာန်မတူသဖြင့်၊ နံပါတ်စဉ်ပေး ထားလျက်ရှိသည်။ မျိုးသက်ကို ပေးစွမ်းနိုင်သော( Chromozone )၏ အစိပ်အပိုင်း ငယ်ဘခုကို( gene )ဟုခေါ်၏။ လူတို့၌( gene ) ပေါင်း ဘသန်းကျော်ရှိသည်ဟု ခန့်မှန်းပါသည်။ မျိုးသက်ဆိုသည်မှာ အသား ဖြူ-နီ-မဲ-လက် ချောင်း-ခြေချောင်း ရှည်တို ပုံသဏ္ဍာန် အမျိုးမျိုး၊ ဗီဇသဘောထား အမျိုးမျိုး၊ ဂိုးသားခြင်း၊ နို့ဘွက်ခြင်း၊ လိမ်လည်ခြင်း၊ ကိုယ်လက်အင်္ဂါ ရောဂါဖြစ်လွယ်ခြင်း၊ ရူးသွပ်ခြင်း-ဝသည်တို့ဖြစ်သည်။ နံပါတ်-၂၃-( Chromozone )၌အမျှင်နှစ်ခုမတူညီ၊ တခုကြီးထွား၍( X Chrom )-နောက်တခုကား သိမ်ဖြင်း၍သကိနည်းသဖြင့်( Y Chromo ) ခေါ်သည်။ ယောကျ်ားတို့၌( XY )တွဲနှင့် မိန်းမတို့မှာ( XX ) ရှိသဖြင့်၊ ၎င်းတို့မျိုးသက်ရာ၌ မည်သည့်ဖက်သို့ရောက်၍၊ မည်သည့် သတ္တိများကို ပေးစွမ်းနိုင်သည် ဝသည်တို့ကို သုတေသနပြုလုပ်၍ စ င် ဆေး ရန်လွယ်ကူသည်။ ၎င်းတို့နှင့် ပါက်သက် သောဂုဏ်ဒြပ်များ နှင့် ရောဂါအမျိုးမျိုး တို့ကိုလွယ်ကူစွာ တွေ့ရှိကြပေပြီ။ ကခြား-( Chromozone )များ နှင့်ပါက်သက် သောဂုဏ်ဒြပ်များနှင့် ရောဂါများ ကိုလည်း အသင့်အတင့်သိကြ၏။ မျိုးစေ့ သတ္တိ ကြောင့်ဖြစ်သော အချို့ရောဂါများ၏ ရာခိုင်နှုန်း ကို အောက်ပါ အတိုင်း ဖော်ပြပါသည်။

Schizophrenia 35 % ရူးသွပ်ရောဂါ။

Asthma 80 % Cleftlip 80 %

Pyloric Stenosis 70 % Diabetes millitus 75 %

ခါးကုန်း 70 % Coronaryartery 68 %

Hyperlensian 65 % pepticulcer 37 %

လူတယောက်၏ ( Chromozones )အစုံကား မိဘမှလာသောအမျှင်တခုစီဖြစ်၏။ ၎င်းတို့၏သဘောခြင်း တူသောနေရာ၌ ( gene ) နှစ်ခုတွင်၊ တခုကအားကြီးလျှင် အခြားတခုကိုလွှမ်းမိုး၏။ ဥပမာ-အမိထံမှခိုးဗီဇပါလာသည်။ သို့သော်အဘဖက်မှရိုးသားစိတ်ကအားကြီးလျှင်၊ ၎င်းကလွှမ်းမိုး၍ရိုးသားသူတယောက်ဖြစ်၏။ များသောအားဖြင့် ကောင်းသောအင်္ဂါသတ္တိများ ကမကောင်းသည့်ဖျင်းသော အင်္ဂါသတ္တိများကိုလွှမ်းမိုးနိုင်၏။ မကောင်းသော( genes ) နှစ်ခုဆုံမိပါက၊ ၎င်းနှင့်ဆိုင်သောအင်္ဂါသတ္တိစသည်တို့အလွန်ဆိုးဝါးပါသည်။ ပူးတွဲနေသော ( genes ) များသည်လည်း မျိုးဆက်ခြင်းနှင့်ကြုံကြိုက်ပါက ( Chromozone )တမျှင်မှတမျှင်သို့ ပြောင်းလွဲနိုင်၏။ ဤသို့လျှင်ကောင်းသော( genes )ရှိသောသင်္ဂဝါများကိုရွေးချယ်၍သားစပ်ပါက၊ မျိုးကောင်းများရရှိပါသည်။ တိုးတက်နေသောနိုင်ငံများ၌ဤနည်းကိုအသုံးပြု၍

ကိုရိဆွာန် မွေး မြူကြသဖြင့်၊ များ စွာတိုး တက်လာကြပါသည်။ ကောက်ပဲသီး နှံစိုက်ပျိုး ခြင်း ၌လည်း မျိုး ကောင်း မျိုး သန့်ကို ပျိုး ထောင်ရန်အလွန်အရေး ကြီး သည်။ အချို့ဘုန်း တော်ကြီး များ က၊ ရုပ်တရား သာလျှင်မျိုး စေ့သတ္တိဖြင့်မျိုး ဆက်သည် ။ စိတ်တရား နှင့်မသက်ဆိုင်ဟု ပြောကြသည်။ သို့သော်လည်းလောက ၌ တွေ့ရှိရသည်မှာ – အိန္ဒိယပြည်ဗြဟ္မဏလူမျိုး များ သည်၊ အမျိုး ကို စောင့် ရှောက်ကြသည့်အပြင်၊ မြတ် သောအကျင့်နှင့်ဥာဏ်ပညာနှင့် ဆိုင်ရာလုပ်ငန်း များ ကိုသင်ကြားထား ၍၊ အသက် မွေး လုပ်ကိုင် ကြသဖြင့်၊ ယင်း တို့သည်ထိပ်တန်း ကျပညာရှင်များ ဖြစ်လာကြသည်။ ဂေါတမမြတ်စွာဘုရား သာသနာ တော်၌လည်း ဗြဟ္မဏလူမျိုး မှ ဝင်ရောက် သော ရဟန်း တော်များ အလွန်ထင်ရှား ပါ သည်။ ဘုရား ရှင်တို့သည်လည်း များ သောအား ဖြင့်၊ ဗြဟ္မဏလူမျိုး မှ ပွင့် တော်မူကြပါသည်။ အင်္ဂလန်ပြည်၌လည်း အမျိုး စောင့် ရှောက် သော မိသား စုပညာရှင်အချို့အထူး ထင်ရှား ပါသည်။ ကောင်း သောအကျင့်သီလနှင့်ပညာဗဟုသုတလိုက်စား သဖြင့်( genes )များ ကိုတိုး တက် အောင်ပြုပြင်နိုင်ပါသည်။ သဘာဝကို ကောင်း မွေ- ဆိုး မွေတို့သည်ပြုပြင်ခြင်း ဟုဆိုအပ် သောကံတရား ပင်ဖြစ်သည်။ သကျသာကီဝင်မင်း မျိုး တို့သည်၊ မိမိတို့အမျိုး ကို စောင့် ရှောက်၍ တရား ဥပဒေနှင့်အညီတိုင်း ပြည်အုပ်ချုပ်မင်း လုပ်လာကြသည့် အတွက်၊ လောက၌အတုမရှိ သောသမ္မာသမ္ဗုဒ္ဓဘုရား ရှင်ကုသိဘါ

နတ်ပြည်မှစုတေ၍၊ သက်ဝင်မင်း သမီး ကော်မာယာဝမ်းကိုက်
ဥပ္ပဋိသန္ဓေ နေ လေသည်။

၄၁။ ရဟန်း တို့အာ ကြောင်း သုံး ရပ်တို့၏ ပေါင်း ဆုံခြင်း ကြောင့်ကိုယ်ဝန်တည်ခြင်း သည်ဖြစ်နိုင် ပေ၏။ အမိအဖတို့ သည်၊ ပေါင်း ဖော်ကုန်၏။ အမိသည်လည်း ဥတုလာ၏။ အမိ ဝမ်း တွင်း သို့ ရောက်ထိုက်သူသည်လည်း အဆင်သင့်ရှိနေ၏။ ဤ သို့အာ ကြောင်း သုံး ရပ်တို့၏ ပေါင်း ဆုံခြင်း ကြောင့်ကိုယ်ဝန်တည် ခြင်း သည်ဖြစ်နိုင် ပေ၏။

ဂဗ္ဘပါကရေး အဘော်ကိုသိပ္ပံပညာဖြင့်ကိုက်ညီ အောင် ထုတ်ဖော်တင်ပြရပါမည်။ အမိအဖတို့ ပေါင်း ဖော်ကုန်၏ဟုဆို သည်မှာ၊ အဖို (gamete ) သည်၊ အမ၏ မျိုး ဥ ( အမ gamete ) အတွင်း သို့ ဖေါက်ဝင်၍၊ မိမိတို့၌ ရှိသော( Chromosome ) ဗီဇ တို့သည် နှံ့ပါက်ဝင်၍ အကိုင်း အဝိုးအစုံ ပူး တွဲ ပေါင်း စည်း ကြ သဖြင့်၊ ( Chromosome ) အပြည့်ရှိသည့်( zygote ) ဓါတ် ပဋိသန္ဓေ အသဲကလေးအဖြစ် ပေါ်လာသည်။ ၎င်း သည် ဝါပိုဒ် - ( ၃၈ ) တွင် ဖော်ပြထား သော နှစ်ကိုယ်ခွဲ ဝနစ်ဖြင့်ကိုး ပွား၍ ကြီး ထွား လာ၏။ ဤအချိန်သို့ ရောက် သောအခါအချို့ ပျက်စီး၍၊ အချို့ကသာက်လက်ကိုး ပွါး သဖြင့်သန္ဓေငယ်သည်၊ ငါး ငယ်- ဖွတ် ကောင်ငယ်အသွင်အစဥ်အတိုင်း ဖြစ်ပေါ်ပြီး မှအမြီး မှား ကိုး

ပွါး ခြင်း ဆုတ်ယုတ်လာ၍၊ လူငယ်ကလေး၏အသွင်သို့ ရောက်ရှိရလေသည်။ အဖိဝမ်း ဘွင်း သို့ ရောက်လာသူ ( ၀ု တေသည့်ပုဂ္ဂိုလ်သဏ္ဍာဝါ) ကိုကား မတွေ့ရှိ၍၊ မည်သို့မျှမသိနိုင်ပါ။ သို့သော်သ နေ့ငယ် အေါင်မြင်ရန်အတွက် ဇေါင့်ရှောက်ရန်အကြောင်း တရား ကခုလိုအပ်သည်ဟုအားလုံး ထင်မြင်ကြပါသည်။ သို့မဟုတ်ကသ နေ့ကလေး ပျက်စီး ပါမည်။ သ နေ့ တောင်ကလေး မပျက်ဝီး ရန်အကြောင်းကရား ( ဝါ) ၀ု တေသည့်သဏ္ဍာဝါ) ကား သ နေ့ကလေး ဘိုး ပွါး ပြီး မှသက် ရောက်လါသည်ဟုထင်မြင်ပါသည်။ အကြောင်း ပြချက်မှာ .........

၄၂။ ဖွတ်ကီရအွာန်မျိုး ဘွင်ပါဝင် သေါ( Nwet ) ခေါ ဥ ခွံအလွန် ပျော့ပြောင်း နူး ညံ့သည့်သဏ္ဍာဝါငယ်များ ရှိ၏။ ၎င်းတို့၏ ဥငယ်အချို့ကိုချည်မျှင်များ ဖြင့်ပက်ချိ၍အနှပ်ငယ်ကိုနှင်ခြမ်းခြမ်းဝေ၏။ ထိုအခါ၎င်း ဘို့မှ ရင့်ကျက်၍ ပေါက်လာ သေါအကောင်ငယ်များသည်၊ အချို့တဥမှ နှစ် ကောင်၊ အချို့ကြော၂င်း ရင်ချင်း ဆက် နေသေါ အမွှာပူး များ ဖြစ်လာကြသည်။ ထိုအမွှာပူး အကောင်ငယ်များသည် တကောင်နှင့်တကောင်အချင်း ခပ်သိမ်း တူညီကြ၏။ ( Identical turns )။ အကယ်၍ ၀ု တေသည့်သဏ္ဍာဝါသည် ( Chromosomes များ အစုံစုံ ပူး တွဲချိန်၌သက် ရောက်ပါက၊ သဏ္ဍာဝါက တောင်သာဖြင်မည်။ နှစ် ကောင်ပဖြစ်နိုင်။ သို့ဖြစ်၍ ၀ု တေသည့်သဏ္ဍာဝါငယ်များသည် သ နေ့ငယ်ဘိုး ပွါး လာပြီး မှသက် ရောက်သည်ဟုယူဆရပါမည်။ လူ ဘို့

တွင်လည်း အချင်း ခပ်သိမ်း ကူညီသော အမွှာခလေး များ သည်၊ အမိဝမ်း တွင်း၌ ကစုံကခု သော အကြောင်း ကြောင့်နှစ်ခြမ်း ကွဲ သွား၍ဖြစ်လာကြရသည်။

အထက်ပါဝါပိုဒ်အရ၊ သန္ဓေငယ်ကလေး သည်စုတေ သည့်သတ္တဝါမသက် ရောက်မှီပင်လျှင်ကြီး ပွါး တိုး တက် နေ ကြောင်း သိရသည်။ ထိုကဲ့သို့ကြီး ပွါး ရခြင်း ကား ၊ မိဘတို့၏ မျိုး စေ့သတ္တိ ကြောင့်ဖြစ်၏။ ထိုကြောင့်သတ္တဝါတို့၏ ရုပ်တရား နှင့်စိတ်ဝိညာဉ် တရား ရောဂါဝေဒနာဖြစ်နိုင် ကြောင်း တို့သည် မျိုး စေ့ဗီဇ မူရင်း ဖြစ်၏။ ၄င်း နောက်မှပသာဒနှင့်ဗဟိဒ္ဓ ဓါတ်တို့အ ကြောင်း ပြုသည့်အခါ၊ သက် ရောက်လာသည့်သတ္တဝါ( အနုသယ )အ ကြောင်း ခံ၍ကံစိတ်ဥတုအာဟာ ရအ ကြောင်း ပြုလေသည်။ အချို့ထင်ရှား သော ရောဂါဝေဒနာ များ ၊ မျိုး စေ့ဗီဇ( genetic ) အ ကြောင်း ခံသည်ကိုဝါပိုဒ်( ၄၀ )တွင်ရာခိုင်နှုန်း ဖြင့်ဖော် ပြထား ပါသည်။

မြတ်စွာဘုရား ၏ဘုရား ဖြစ်ခါစဥဒါန်း ဂါထာ၌ အနုသယတဏှာကိုခန္ဓာအိမ် ဆောက်လုပ်လာ သောလက်သမား ဟုသိ ဖော်ထုတ်ပါသည်။ ဆောက်လုပ်သည့်ပစ္စည်း များ ကား ၊ ဘဝတွင်း ရှိမျိုး စေ့ဗီဇ၊ ကံတရား တို့ကား တဏှာ၊ လက်သမား ၏ လေ့ကျင့် ထား သောအတတ်ပညာဟု ကောက်ယူရပါမည်။ ထိုကြောင့် –

လူကိုယ့်တွင် ရုပ်တရား အသိတရား ဉာဏ်ပညာတို့ကား မိမိဥစ္စာ မဟုတ်၊ လူ့ဘဝအတွင်း ရရှိနိုင်သော ပစ္စည်းမျိုး သာဖြစ်၍၊ ထို မှ၍ မှကျင်လည်နေသော မိမိဟု ခေါ်ဆိုအပ်သော တရားကား အနုသယတရား အဝိဇ္ဇာနှင့်တဏှာဖြစ်ပေသည်။ ၎င်းတို့ကို ပယ်သတ်နိုင်ပါက နိဗ္ဗာန်ဝင်၏။

၄၃။ စုတေသည့်သတ္တဝါမည်ကဲ့သို့ဘဝသစ်သို့သက် ရောက်လိ သည်ကိုကား သိပ္ပံပညာ၌မတွေ့ရှိ၊ သို့သော်သတ္တဝါတဦး လောက ၌ တည်တန့်နိုင်ရေးအတွက်ကြီးပွါးလာသော ရုပ်နှင့်ဝိဉာဏ် ပရမတ်ပစ္စည်းတို့ကိုစိုးမိုးအုပ်ချုပ်ရန် ( Ego )ဟု ခေါ်အပ် သော တရားလိုနေသည်ဟုဆိုကြသည်။ ( Ego )၏အဓိပ္ပါယ် မှာ-ကမ္ဘာ့လောက၏ဗဟိုဖြစ်၏။ ပုဂ္ဂိုလ်တဦး အတွက်၊ မိမိသည် ဘယ်အရပ်၌ပင်နေနေ၊ လောက၏ဗဟိုဖြစ်သည်။ မိမိအကျိုးကို တခြားသူများအကျိုးထက်ဦးစားပေး၍ဆောင်ရွက်ရခြင်း ဖြစ်သည်။ ထို့ကြောင့်( Ego )ကား -အဝိဇ္ဇာနှင့်တဏှာဖြစ် ၏။ ၎င်းရှိနေ၍သတ္တဝါများ သံသရာလည်ကြရပါသည်။ သံသရာ လည်ရခြင်း ကြောင့်ပသိဒ္ဓတရား နှင့်ဓါတ်တရား အာရုံတရား တို့ကိုက်ဆိုင်အကြောင်း ပြုသဖြင့်လှုပ်စစ်ဓါတ်အား အမြဲကန်း ယိုဇီး နေရသည်။ အမြဲကန်း ယိုဇီး နေသောလှုပ်စစ်ဓါတ်အားပြက်ခဲ လျှင်၊ ၎င်း သတ္တဝါသည်ကမ္ဘာတခုလုံး သို့ပြန့်နှံ့ရောက်သွား၏။

ဤနည်း ဖြင့်ပင်လျှင်သိပ္ပံ ရှင်များ သည်၊ လှုပ်စစ်ဓါတ်အား သက်ဓါသက်ဓါပြောက်စဲခြင်း ဖြင့်( Oscillation)Code words ) ပြုလုပ်၍ ( Radio messages ) များ ပေး ပို့နိုင်ကြလေ သည်။ သက္ကဝါများ စု တေ ဓါများ ၌လည်း အစဉ်ယိုဇီး နေ သော လှုပ်စစ်ဓါတ်အား ပြောက်စဲသွား သဖြင့်၊ ၄င်း ၏အနုသယအဇီဝ္ဓါ နှင့်ကတ္တာ ကိုသည်၊ ကံဟု သော ( Code words ) များ ဖြင့် သဘောခြင်း ဘူညီ သောဘုံဘဝ ( genetic ) မျိုး စေ့မှ ဘိုး ပွါး နေ သောသ န္တေသို့သက်ဝင်ကြကုန်၏။ ယင်း သ န္တေ သည်၊ မ နေ သ မွှဿနှင့် ဝေဒနာသဓါရကရား ရ၇ှိလိုရကား ဝါပိုဒ် ( ၁၄ )အရ၊ အ ကြောင်း ကရား လေး ပါး ပြည့်စုံခြင်း သို့ ရောက်၍ ၊ ဘဝသံသရာ၌ ကည်ကန့်ကြ ရ လေသည်။

၄၄။ ဤသို့လျှင်သိပ္ပံပညာ နှင့်မသန့်ကျင် သော ပါဠိ တော်လာ၊ မြတ်စွာဘုရား ၏အစိကကရား တော်များ ကိုအကို ချိုး ၍ ရေး သား ခြင်း ပြီး ဆုံး ပါပြီ။ မြတ်စွာဘုရား ၏နောက် ဆုံး ပရိနိဗ္ဗာန်မပြုမှီမှာကြား အပ်သောကရား တော် ဖြင့် နိဂုံး ချုပ်လိုက် ပါသည်။

ဟိန္ဒ ဒါနိဘိက္ခ ဝေအာ မန္တာယာမိ ဝေါ၊ ဝယဓမ္မ သခါရာ အပ္ပမာ ဒေနသမ္မ ဒေထ။

ဘိက္ခုဝေ၊ ချစ်သား ချစ်သမီး တို့၊ ဟိန္ဒူဒါနိ၊ ယခု နောက်ဆုံး ပရိနိဗ္ဗာန်မပြုမီအခါ၌၊ အဟံငါဘုရား သည်၊ အာမန္တ ယာမိ၊ မှာကြား ပေအံ့။ သင်္ခါရာ၊ ကံ-စိတ်-ဥတု-အာဟာရ တည်း ဟူ သောအ ကြောင်း တရား တို့ ကြောင့်ဖြစ်ကြကုန် သော သင်္ခါရ တရား အပေါင်း တို့သည်၊ ဝယဓမ္မ ပျက်စီး ခြင်း သဘော ရှိကုန်၏။

ဝေါ၊ သင်ချစ်သား ချစ်သမီး တို့သည်၊ အပ္ပမာဒေန၊ မမေ့မလျော့ သော သတိတရား နှင့်သမ္ပာဒေထ၊ ပြည့်စုံကြသည်ဖြစ်ကြပါစေကုန် သတည်း ။ ။

× × ×

“ ကျေးဇူး တင်လွှာ ”

ဤကျမ်း ကိုဖတ်ရှု၍အဘက်ဘက် မှပြုပြင် ပေး ကြ သော သံဃာ တော် များ နှင့်မိတ် ဆွေ များတို့ အား ကျေးဇူး ဥပကာ ယတင်ရှိပါကြောင်း။